# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၂ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင်ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးရဲ့ ၃၂ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၆)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၉၄.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအ ဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၃၂ ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြို တင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့

လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြတ်ကို တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် သည် မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၆-၁၀-၂၀၁၁ ရက်နေ့မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်ချစ်လွင် ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြတ်ကို မှ လေးစားစွာဖြင့် ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ရဲ့ ၆-၁၀-၂၀၁၁ ရက်နေ့မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၂)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမောင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း သည် ခါးနာသောဝေဒနာ မပျောက်သေးပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့နှင့် ၇ ရက်နေ့များတွင် အမျိုးသားလွှတ်တော် မတက်ရောက်နိုင်သည်ကို ခွင့်ပြုပေးပါရန် ဒေါက်တာစိုးထွန်း ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင်က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ၊** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်းရဲ့ ၆-၁၀-၂၀၁၁ ရက်နေ့မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်နော်မေးရီယန် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့်သည် အစာအိမ်ရောင်နေပါသဖြင့် ၆-၁၀-၂၀၁၁ ရက်နေ့မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၂)ရက်ပေးပါရန် ဒေါ်ရီရီမြင့် ကိုယ်စား ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်မ ဒေါ်မေးရီယန် မှ လေးစားစွာ တောင်းခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ၊** ။ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် ရဲ့ ၆-၁၀-၂၀၁၁ ရက်နေ့မှ ၇-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြတ်ဉာဏစိုး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဒေါ်ခင်ဝိုင်းကြည် ဟာ အအေးမိ ဖျားနာနေတဲ့ဝေဒနာ မသက်သာသေးပါသဖြင့် ယနေ့ ၆-၁၀-၂၀၁၁ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ် ဆက်လက်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ဒေါ်ခင်ဝိုင်းကြည် ရဲ့ကိုယ်စား ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ၊** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့ ၆-၁၀-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်ကခွင့် ပန်ကြားသဖြင့် ခွင့် ပြုထား

သူ(၈)ဦး၊ ယနေ့ ခွင့်ပြုထားသူ (၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်း များကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကမေးမြန်းတဲ့ မေးခွန်းတွေဟာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ရန်ကုန်-မန္တလေးမြို့ကြီးများသို့ ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ အမြန်ရထားများ နေ့အခါ ပြေးဆွဲခြင်းအစား ယခင်ကာလကဲ့သို့ ညပိုင်းတွင် ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က ရန်ကုန်-မန္တလေးမြို့ကြီးများသို့ ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ အမြန်ရထားများ နေ့အခါ ပြေးဆွဲခြင်းအစား ယခင်ကာလကဲ့သို့ ညပိုင်းတွင်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ် တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စား လှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ စီစဉ် ပြေးဆွဲပေးနေတဲ့ ရန်ကုန် -မန္တလေး အမြန်ရထားများ အချိန်ပြောင်းလဲ ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့မှ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ဝန်ထမ်း၊ ကျောင်းသား၊ ကုန်သည်များအပါအဝင်ပြည်သူများခရီးသွားလာရာမှာအဆင်ပြေစွာသွားလာနိုင်ရန် ယခင်ကာလတုန်းက ရန်ကုန်-မန္တလေး မီးရထားခရီးစဉ်များမှာ မြန်မာ့မီးရထား ကနေပြီးတော့မှ အမြန်ရထား(၃)စီး အစုန် /အဆန်ပြေးဆွဲရာမှာ စတင်ထွက်ခွာတဲ့ မြို့ကနေစပြီးတော့ ညပိုင်းမှာ ထွက်ခွာပြီး မနက်ပိုင်းမှာ ခရီးဆုံးမြို့ ဖြစ်တဲ့ ဒီရန်ကုန်၊ မန္တလေးမြို့များကို ရောက်ရှိတဲ့အတွ က် ဌာနဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်းကောင်း၊ ဝန်ထမ်းများခရီးသွားရာမှာလည်းကောင်း၊ ကုန်သည်များနဲ့ ပြည်သူများ ခရီးသွားလာရာမှာလည်းကောင်းအဆင်ပြေလျက်ရှိပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ကနေစပြီးတော့မှ ရန်ကုန်-မန္တလေး အမြန်ရထားများဟာ ညပိုင်း စတင်ထွက်ခွာပြေးဆွဲနေခြင်းကနေပြီး နေ့ခင်းဘက်ကို ပြောင်းလဲပြေးဆွဲသွားတယ်လို့ သိရှိရပါတယ်။ အဲဒါကြောင့် ယခင် ရထားဖြင့် ပုံမှန် ခရီးသွားနေကြတဲ့ ခရီးသွားပြည်သူများဟာ

ညပိုင်းမှာထွက်ခွာတဲ့ မော်တော်ယာဉ်များဖြင့်သာ ပြည်သူများ ပြောင်းလဲခရီးသွားလာနေကြတာကို တွေ့ရှိရပါတယ်။ ခရီးသွားပြည်သူများအနေဖြင့်ညပိုင်းတွင် စတင်ထွက်ခွာတဲ့ အမြန်ရထားစီးပြီး မနက်စောစောပိုင်းမှာ ခရီးဆုံးဖြစ်တဲ့ ရန်ကုန်၊ မန္တလေးမြို့ကြီးများ ကို ရောက်ရှိကြ တဲ့အတွက် တစ်နေ့တာလုပ်ငန်းကိစ္စများကို ပြီးစီးအောင်ဆောင်ရွက်ပြီး ညပိုင်းမှာထွက်ခွာတဲ့ အမြန်ရထားဖြင့် မိမိဒေသသို့ ပြန်ခွင့်ရရှိတဲ့အတွက် လုပ်ငန်းများအချိန်တိုတိုနှင့် ဆောင်ရွက်နိုင်တဲ့အပြင် တည်းခို စရိတ်၊ စားစရိတ်များလည်းပဲ သက်သာတဲ့အတွက် ပြည်သူများအဆင်ပြေခဲ့ကြပါတယ်။ထို့ဖြစ်ပါ၍ ယခုအခါ မြန်မာ့မီးရထားမှ နေ့ခင်းပိုင်းတွင် အမြန်ရထားပြေးဆွဲနေခြင်းအစား အများပြည်သူများ အကျိုးအလို့ငှာ ညပိုင်းတွင် အမြန်ရထားများ ပြန်လည်ပြေးဆွဲပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**CNG သုံးစွဲခွင့် အသစ်ထပ်မံလျှောက်ထားခြင်းများ ရပ်ဆိုင်းထား၍ မည်သည့်အချိန်တွင် ပြန်လည်ခွင့်ပြုမည်ကို သိလိုပါကြောင်းနှင့် ယာဉ်အို၊ ယာဉ်ဟောင်းများအပ်နှံ၍ အစားထိုး ရရှိသော ယာဉ်အသစ်များတွင် CNG အိုးများကို ပြန်လည်အသုံးပြုခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် က CNG သုံးစွဲခွင့် အသစ်ထပ်မံလျှောက်ထားခြင်းများ ရပ်ဆိုင်းထား၍ မည်သည့်အချိန်တွင် ပြန်လည်ခွင့်ပြုမည်ကို သိ လိုပါကြောင်းနှင့် ယာဉ်အို ၊ ယာဉ်ဟောင်းများ အပ်နှံ၍ အစားထိုးရရှိသော ယာဉ်အသစ်များတွင် CNG အိုးများကို ပြန် လည်အသုံးပြုခွင့် ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ CNG သဘာဝဓာတ်ငွေ့သုံးယာဉ်များနဲ့ စပ်လျဉ်းတဲ့

မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့(၅)နှစ်လောက်က ကားတွေကို CNG ပြောင်းတပ်ဖို့ အစိုးရက တိုက်တွန်းခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ အစိုးရပေးတဲ့ ဆီဈေးဟာ အပြင်ဈေး ထက်အများကြီးနည်းတာကို ကားပိုင်ရှင်တွေက အင် တင်တင်တောင် ဖြစ်ခဲ့ကြ ပါတယ်။ CNG အိုးတွေက ဈေးကြီးတယ်။ အဲဒါကိုအကြောင်းပြတော့ ဈေးကြီးတယ်မတပ်နိုင်ဘူးဆိုပြီး လုပ်ကြတော့ အစိုးရကလည်း ဒါဆိုရင် ဘဏ်တွေကနေ ချေးငွေရအောင် စီစဉ်ပေးမယ်။ ခင်ဗျားတို့ CNG ပြောင်းကြပါဆိုပြီးတော့ သူတို့ကတိုက်တွန်းတော့ ကျွန်တော်တို့ ဘဏ်ချေးငွေတွေနဲ့ CNG အိုးတွေ တပ်ကြပါတယ်။ အဲဒီလို တပ်ပြီးနောက်ပိုင်းမှာလည်း အစိုးရကလည်း အစိုးရ ဆီဈေးတွေက အပြင်ဈေးထက်မြင့်တက်လာပြီး အပြင်ဈေးနဲ့ သိပ်မကွာတော့ ကျွန်တော်တို့ CNG သုံးရတာ အဆင်ပြေသလို ဖြစ်လာ ပါတယ်။ နောက်ပြီးတော့ CNG ကလည်း ပြောမယ်ဆိုရင် အဖိုးနှုန်း ချိုသာတဲ့အတွက် ကားပိုင်ရှင်တွေက ပိုတောင်ကြိုက်လာကြပါတယ်။ ဒါပေမယ့် အဲဒီလို CNG ကြိုက်လာတဲ့အခါမှာ CNG အိုးတွေ ထပ်ပြီးတော့သုံးစွဲခွင့်တွေ အသစ်လျှောက်ထားခွင့်တွေ ကျွန်တော်တို့ ရပ်လိုက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့သုံးရတာတော်တော်လေး အဆင်ပြေတဲ့ CNG တွေ ဘယ်တော့ထပ်ပြီးတော့ အသစ် လျှောက်ထားခြင်းကို ဘယ်အချိန်မှာ ပြန်ပြီးတော့ ခွင့်ပြုမှာလဲ ဆိုတာကို ကျွန်တော်တို့ ပထမအနေနဲ့ သိလိုပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ယာဉ်အိုယာဉ်ဟောင်းတွေကို အစိုးရကိုအပ်ပြီးတော့ ယာဉ်အသစ် ပြန်လျှောက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ကို လက်ရှိအချိ န်မှာ ခွင့်ပြုနေပါတယ်။ အချို့ဒီယာဉ်အို၊ ယာဉ်ဟောင်းတွေကတော့ အဲဒီတုန်းက အစိုးရရဲ့ တိုက်တွန်းချက်နဲ့ တပ်ဆင် ထားတဲ့ CNG အိုးတွေ ရှိပါတယ်။ ယာဉ်ကတော့ အဟောင်းပါပဲ။ ဒါပေမယ့် CNG အိုးတပ် ထားတာ သိပ်မကြာ သေးပါဘူး။ အဲဒီတော့ ယာဉ်အို၊ ယာဉ်ဟောင်း သမားတွေက ယာဉ်အို၊ ယာဉ်ဟောင်းတော့အပ်လိုက်ပြီ။ အဲဒီယာ ဉ်အို၊ ယာဉ်ဟောင်းမှာ တပ်ထားတဲ့ CNG အိုးသစ် တွေကို ကျွန်တော်တို့ ခွင့်ပြုချက်နဲ့ ပြန်ပြီးအစားထိုး ရရှိလာတဲ့ယာဉ်အသစ်တွေမှာ ပြန်လည် တပ်ဆင်ခွင့်ပြုမလား။ ပြုပြီးလို့ရှိရင် CNG ကို ပြန်ပြီး ထုတ်ခွင့် ပြု /မပြုကို ကျွန်တော်သိချင် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၃။**

**သူရဦးသောင်းလွင်ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန** ။ လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဦးခင်မောင်ဌွေး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ် (၁၀)မန္တလေးတိုင်းဒေသကြီးက မေးမြန်းထားတဲ့ပိုစ့်ကို ပထမဦးဆုံး ဖြေကြားမှာဖြစ်ပါတယ်။

ယခင်က မြန်မာ့မီးရထားအနေဖြင့် ရထားများကို ညအချိန် ပြေးဆွဲပေးခဲ့တဲ့အတွက် ခရီးသည်များ အဆင်ပြေနှစ်ခြိုက်ကြကြောင်း သိရှိရပါတယ်။ လက်ရှိလည်း ရန်ကုန် -မန္တလေး လမ်းပိုင်းမှအပ ကျန်လမ်းပိုင်းအားလုံးမှာ ကျွန် တော်တို့ ညအချိန် ပြေးဆွဲပေးလျက်ရှိပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာတော့ အရင်ကညအချိန်ပြေးဆွဲနေရာကနေ နောက်ပိုင်းမှာ အဖျက်သမားများကနေပြီးတော့ ညအမှောင်ထုကို အကာအကွယ်ယူပြီးတော့ ခရီးသည်တွေ အိပ်ပျော်နေမှုကို အခွင့်ကောင်းယူပြီးတော့ ရထားလမ်းနှင့် ရထားတွဲတွေပေါ်မှာ အဖျက်အမှောင့် လုပ်ငန်းများကို ဆောင်ရွက်ဖို့၊ ဗုံးခွဲ ဖို့ဆောင်ရွက်နေကြောင်း သတင်းရရှိတဲ့ အတွက် ခရီးသွားပြည်သူလူထုရဲ့ ဘေးကင်းလုံခြုံရေးအတွက် အဓိ ကထား စဉ်းစားပြီးတော့ အန္တရာယ်ရှိ တဲ့ ဒိုက်ဦးနှ င့် တောင်ငူ အကြား အလင်းရောင်ရှိချိန်မှသာ လူစီးရထားများ ဖြတ်သန်းစေရေး ဆောင်ရွက်ခဲ့ ရပါတယ်။ အဲဒီလို လုံခြုံရေး ကန့်သတ်ချက်အပေါ်မူတည်၍ ရထား ပြေးဆွဲမှု အချိန်ဇယားများကို ပြန်လည်ပြုပြင်ရေးဆွဲခဲ့တဲ့အတွက် ဒိုက်ဦးနှင့် တော င်ငူအကြားလမ်းပိုင်းမှာ နံနက် (၆)နာရီမှ ညနေ (၆) နာရီအတွင်းသာ လူစီးရထား များ ဖြတ်သန်းစေရေး ဆောင်ရွက်ခဲ့ရပါတယ်။ ကမ္ဘာ့နိုင်ငံအများစုမှာ ခရီးသည်များက ဟိုတယ် စရိတ်နှင့် စားသောက်စရိတ်များ ချွေတာရန် ရည်မှန်းပြီးတော့ ညရထားများကို စီးနင်းလေ့ ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ညရထားများကို ပြေးဆွဲသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ သို့သော် လက်ရှိအခြေအနေအရ ရန်ကုန် -မန္တလေး ရထားလမ်းပိုင်းမှာ ကုန်ရထား များကို နေ့ရောညပါပြေးဆွဲနေပေမယ့် လူစီးရထားများကိုတော့ ခရီးသွားပြည်သူများရဲ့ အသက်အန္တရာယ်နှင့် ပြည်သူ့အကျိုးစီးပွားကို ရှေ့ရှုပြီးတော့ နေ့အချိန်

မှာသာ ပြေးဆွဲပေးလျက်ရှိပါတယ်။ နောင်တစ်ချိန် ဒိုက်ဦးနှင့် တောင်ငူအကြား အဖျက်သမား အန္တရာယ်ပေးနိုင်မှု လျော့နည်းပပျောက်သွားတဲ့အချိန်မှာ လူစီးရထားများကို ညပိုင်းတွင်ပါ ပြေးဆွဲပေးမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ မေးခွန်းအား ရှင်းလင်း ဖြေကြားအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဦးဖုန်းမြင့်အောင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃)မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီးက မေးမြန်းထားတဲ့ကိစ္စ ကို ဖြေကြားတင်ပြပါမယ်။ နှစ်(၄၀)ကျော်ယာဉ်များကို အပ်နှံတဲ့ ကိစ္စနှင့်ပတ်သက်ပြီး ယနေ့အထိ ယာဉ်စီးရေ စုစုပေါင်း (၇၇၄၄)စီးကို လက်ခံရရှိပြီးဖြစ်ပါတယ်။ အဲဒီအနက်မှာ CNG တပ်ဆင်ထားတဲ့ယာဉ် (၃၄၄)စီး ပါရှိပါတယ်။ အဲဒီယာဉ်တွေအ တွက် CNG Kit နှင့် Gas Cylinder တွေကို ကျွန်တော်တို့ ဖြုတ်ပြီးတော့ သက်ဆိုင်ရာ ပိုင်ရှင်များကို ပြန်လည် ယူဆောင်ခွင့်ပြုခဲ့ပါတယ်။ ယာဉ်ဟောင်း များကို အစားထိုးတင်သွင်းလာတဲ့ ယာဉ်သစ်ဟာ CNG အသုံးပြုတဲ့ယာဉ် ဖြစ်မယ်ဆိုရင် မူလ ယာဉ်ဟောင်းကို ခွင့်ပြုထားတဲ့ Capacity အတိုင်း CNG ပြောင်းလဲ တပ်ဆင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ အသစ် တင်သွင်းလာတဲ့ မော်တော်ယာဉ်ရဲ့ Gas Capacity အိုးအရွယ်အစား အတိုင်းကို မူတည်စဉ်းစားမည်မဟုတ် ဘဲ အပ်နှံသည့် ယာဉ်ဟောင်းရဲ့ Gas အိုး Capacity အတိုင်းသာ ခွင့်ပြုပေးနိုင်မှာဖြစ်ပါတယ်။ အကယ်၍များ လောင်စာဆီ (၂)မျိုးသုံး Dual Fuel မော်တော်ယာဉ်ကို တင်သွင်းမည်ဆိုပါက ဓာ တ်ဆီကိုသာ အသုံးပြုသွားရမှာ ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းတဲ့အခါမှာ သိရှိရတဲ့အချက်ကတော့ လက်ရှိ ကုန်းတွင်းက ရရှိတဲ့ သဘာဝဓာတ်ငွေ့ CNG ကိုသာ မော်တော်ယာဉ်များမှာ သုံးစွဲလို့ရပါတယ်။ ကုန်းတွင်း သဘာဝ ဓာတ်ငွေ့ထုတ်လုပ်နိုင်မှုမှာ တစ်နေ့လျှင် ကုဗပေသန်း(၇၀)ခန့်သာ ရှိပါတယ်။ အဲဒီ အနက်က တစ်နေ့ကုဗပေ သန်း (၂၀)ခန့်ကို CNG ယာဉ်များအတွက် လက်ရှိဖြန့်ဖြူးပေးလျက် ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကုန်းတွင်းသဘာဝဓာ တ်ငွေ့ကို တိုးမြှင့်ထုတ်လုပ်နို င်ဖို့အတွက် ကုန်းပိုင်းလုပ်ကွက် (၁၈)ကွက်ကို အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံ ခြားကုမ္ပဏီများကို ဖိတ်ခေါ်ပြီးအဆိုပြုလွှာများတင်သွင်းစေလျက်ရှိပါသည်။ အဲဒီလုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိလာတဲ့ အခါမှာဖြစ်စေ မြန်မာ့ရေနံနှင့် သဘာဝဓာ တ်ငွေ့က ကိုယ်တိုင်ရှာဖွေတဲ့ အခါမှာ သဘာ ဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိလာတဲ့ အခါမှာဖြစ်စေ CNG ကိုတိုးချဲ့ဖြန့်ဖြူးရေး အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**နေပြည်တော်နှင့် ရန်ကုန်စသော မြို့ကြီးများ၌ ငွေစက္ကူအကြွေ (၅၀)ကျပ်တန်၊ (၁၀၀)ကျပ်တန်၊ (၂၀၀)ကျပ်တန်များ လုံလောက်အောင် လဲလှယ်ပေးခဲ့သဖြင့် အများပြည်သူများ အဆင်ပြေရသကဲ့သို့ နယ်မြို့များရှိ ပြည်သူများရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့နိုင်စေ ရေးအတွက် အလားတူ ငွေစက္ကူ အကြွေသစ်များအား လုံလောက်စွာ လဲလှယ်ပေးရန် အစီ အစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြ န်းမယ့် မေးခွန်းဟာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က နေပြည်တော်နှင့် ရန်ကုန် စသောမြို့ကြီးများ၌ ငွေစက္ကူအကြွေ (၅၀)ကျပ်တန်၊ (၁၀၀)ကျပ်တန်၊ (၂၀၀)ကျပ်တန်များ လုံလောက်အောင် လဲလှယ်ပေးခဲ့သဖြင့် အများပြည်သူ အဆင်ပြေရသကဲ့သို့ နယ်မြို့များရှိ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့နိုင်စေရေးအတွက် အလားတူငွေစက္ကူ အကြွေသစ်များအား လုံလောက်စွာ လဲလှယ်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် စပ် လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့ဝင်ပုဂ္ဂိုလ်များနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး ဖတ်ကြားအမိန့်ရှိသွားတဲ့အတိုင်းပဲ မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျွန်တော့်မေးခွန်းမှာ ပထမပိုင်းမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အစရှိတဲ့ မြို့ကြီးများမှာ ငွေစက္ကူအကြွေ (၅၀)ကျပ်တန်၊ (၁၀၀)ကျပ်တန်၊ (၂၀၀)ကျပ်တန် စသည်ဖြင့် ဒါတွေကို လုံလောက်အောင် လဲပေးတယ်လို့ ပါရှိပါတယ်။ မှန်ပါတယ်။ ယခုဒီမှာ လွှတ်တော်လာတက်တာ(၂)ကြိမ်ရှိပါပြီ။ (၂)ကြိမ်လုံး ကျွန်တော်တို့မြို့ထဲမှာ ကုန်တိုက်ကြီးအဆင့်မှာဖြစ်စေ အလယ်အလတ် စတိုးဆိုင် အဆင့်မှာဖြစ်စေ ပွဲကျဈေးမှာဈေးဝယ်ရလို့ဖြစ်စေ ငွေစက္ကူ(၅၀၀)တန်၊ (၁၀၀၀)တန်၊ (၅၀၀၀)တန် ပေးရင် လုံလုံလောက်လောက် အကြွေတွေကို ပြန်အမ်းပါတယ်။ အသစ်ကလေးတွေဖြစ်ပါတယ်။

ဒါကျွန်တော်တို့ အင်မတန် စိတ်ချမ်းသာရပါတယ်။ ကျွန်တော်လည်းပဲ ဒါပြန်ပြလို့ရအောင် ဆိုပြီးတော့ တစ်မျိုးကို(၅)ရွက်၊ (၆)ရွက်လောက်သိမ်းထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မြို့ တွေမှာကျတော့ ငွေစက္ကူအသစ်တွေဟာ လုံးဝမတွေ့ရတဲ့အတွက်ကြောင့်(၁၀၀)ကျပ်တန်၊ (၂၀၀) ကျပ်တန်၊ (၅၀၀)ကျပ်တန်တွေဟာ အလွန်တရာမှဟောင်းနွမ်းနေတာ တွေ့ရပါတယ်။ ဘယ်လောက် ဟောင်းလည်းဆိုရင် ငွေစက္ကူတချို့ဟာ ကျောဖက်တစ်ဖက်လုံးမှာ ဆိုလိုတိပ် အပြည့်ကပ်ထား ရတာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲလိုကပ်ထားတဲ့ငွေတွေကိုဘယ်သူမှမငြင်းဘူး။ဈေးသည်ကလည်း ကျွန်တော်တို့ပေးရင်ယူတယ်။ ဈေးသည်ပြန်အမ်းလည်းကျွန်တော်တို့က ယူရတယ်။ နောက်တစ်နေ့ ဒါကို ပြန်သုံးလို့ရတာဖြစ်တဲ့အတွက်ကြောင့် ဒီလိုသုံးနေပါတယ်။ တချို့ဒီမှာ ကျွန်တော်သုံးထားတဲ့ စကားလေးက နည်းနည်းအစွန်းမလွတ်မှာ စိုးရပါတယ်။ နယ်မြို့များမှာ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့စေရေးလို့ ပြောပါတယ်။ ရောင်းဝယ်ဖောက်ကားတယ်ဆိုတာ ကုန်ရောင်း/ ကုန်ဝယ်လို့ ထင်သွားမှာစိုးလို့ပါ။ ကုန်ရောင်း/ကုန်ဝယ်လုပ်တဲ့ ကုန်သည်ပွဲစားတွေကတော့ ငွေစက္ကူအကြွေ မသုံးပါဘူး။ (၅၀၀၀)ကျပ်တန်၊ (၁၀၀၀)ကျပ်တန်နဲ့ အထုပ်လိုက်သုံးတာဖြစ်တဲ့ အတွက်ကြောင့် ဒါကိစ္စမရှိပါဘူး။ ကျွန်တော် ဆိုလိုတာကတော့ အခြေခံလူတန်းစား အများစု ဖြစ်တဲ့ ဝင်ငွေနည်းတဲ့မိသားစုတွေ၊ ဝန်ထမ်းငယ်တွေရဲ့ မိသားစုတွေနဲ့ နေ့စဉ်စားသုံးတဲ့ဟင်းရွက် စသည်ဖြင့် သရေစာစသည်ဖြင့် သုံးစွဲတဲ့နေရာနဲ့ အဆိုးဆုံးကတော့ ကလေးကျောင်းမုန့်ဖိုးပေးတဲ့ နေရာမှာ အခက်အခဲတွေ့တာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဟင်းရွက်တွေဝယ်တဲ့အခါမှာ ဥပမာ အားဖြင့် ဘူးသီးတစ်စိတ်ကို တစ်ရာရောင်းနိုင်ပါတယ်။ ရောင်းလည်းရောင်းပါတယ်။ သို့သော် ပြန်မအမ်းနိုင်တဲ့အတွက် ကြောင့်တစ်ခြမ်းယူပါ။ ငါးရာဖိုးယူလိုက်ပါ၊ တစ်လုံးယူပါ၊ တစ်ထောင်ဖိုး ယူလိုက်ပါဆိုတာတွေ ဖြစ်တဲ့အတွက်ကြောင့် လိုတာထက်ပိုပြီး ငွေစက္ကူသုံးစွဲရတာရှိပါတယ်။ အချို့က သာမန်ငရုတ်သီးစိမ်းလို နံနံပင်လိုဟာမျိုးကို (၅၀)တန်ထိအောင် ရောင်းနိုင်ပေမယ့်လည်း ပြန်အမ်းရမှာ ဖြစ်တဲ့အတွက်ကြောင့် (၂၀၀)ဖိုးပုံထားပြီး (၂၀၀)ဖိုးပဲယူလိုက်တော့ပါဆိုပြီး ပြောတာ တွေရှိတဲ့အတွက်ကြောင့် မသိမသာဟင်းစားဈေးလေးက ကုန်ဈေးနှုန်းလေးက မြင့်မြင့်လာတာ လေးတွေရှိပါတယ်။ အဆိုးဆုံးကတော့ ကလေးကျောင်းသွားချိန်မှာဒုက္ခရောက်ပါတယ်။ ကလေးက မူလတန်းဖြစ်တဲ့အတွက်ကြောင့် ပေးနိုင်တာက(၁၀၀)တန်။ (၅၀၀)တန်ပေးလိုက်ရင် ကလေးက မသုံးတတ်၊ သုံးလိုက်ရင်လည်းပျောက်မှာစိုးတဲ့အတွက်ကြောင့်အဲဒီမှာ တော်တော်လေး အခက်အခဲ တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို တင်ပြရခြင်းဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်လို

စားသောက်ဆိုင်တွေကတော့ Regular Customer (ခွင့်လွှတ်ပါခင်ဗျား။ အင်္ဂလိပ်စကား သုံးမိပါတယ်။) နေ့စဉ် လာစားသုံးတဲ့လူတွေ ရှိတဲ့အတွက် သူကတော့ သိပ်စုတ်နေတဲ့ဟာတွေ နှစ်ပိုင်းပြတ်ရင်ဖြစ်စေ ပလပ်စတစ်ထဲမှာ တစ်ခါတည်း ထည့်ပြီး မီးနဲ့ပိတ်ထားပါတယ်။ အဲဒါကို ပြန်အမ်းပါတယ်။ အဲဒီလို အမ်းတဲ့အတွက်ကြောင့် စားတဲ့သူကလည်းကိစ္စမရှိဘူး။ နောက်တစ်နေ့ ပြန်လာပေးရင်သူကလက်ခံပါတယ်။အဲဒီအဆင့် ရောက်နေတဲ့အတွက်ကြောင့် ဒီငွေစက္ကူတွေဟာ နယ်တွေမှာ အလွန်ရှားပါးတယ်ဆိုတာ ကျွန်တော်ဟာ မျက်စိထဲမြင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အဆိုးဆုံးကတော့ ဘဏ်ဆိုတာဟာ ငွေစက္ကူအဟောင်းတွေပြန်လဲပေးတဲ့ ဌာနလို့ ယုံကြည်ထားပေမယ့် ငွေသွားသွင်းတဲ့အခါမှာ သွင်းတဲ့ငွေကို သူကစက်နဲ့မရေဘူး။ ထုတ်ပေးတဲ့ငွေတော့ စက်နဲ့ရေပါတယ်။ သွင်းတဲ့ငွေကို တစ်ရွက်ချင်း သူရေတွက်ပြီး အပင်ပန်းခံ ရေပါတယ်။ ရေပြီးလို့ရှိရင် စက္ကူအဟောင်းတွေ ဆွဲထုတ်ပြီးတော့ တစ်အုပ်တစ်အုပ်မှာ (၅)ရွက်၊ (၆)ရွက် ပြန်ထုတ်ပြီး ဒါကိုပြန်လဲပေးပါဆိုတဲ့အခါကျတော့ အဲဒီဘဏ်ကိုသွားအပ်ရင်(၄/၅)သိန်း သွင်းရင် အနည်းဆုံး ငွေစက္ကူ(၁၀၀၀)ဆိုရင်လည်း အရွက်(၂၀)၊ (၂၅)အပိုယူသွားရတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြန်ထုတ်တဲ့အခါကျ လစာထုတ်တဲ့ဝန်ထမ်းတွေ ဘာတွေမှာ ဒီငွေ စက္ကူအဟောင်းတွေ ပြန်ပါနေပါတယ်။ ဒါတွေကျွန်တော်တို့ ကိုယ်တွေ့ဖြစ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငွေစက္ကူ အသစ်ရိုက်တယ်ဆိုတဲ့အခါမှာ ငွေစက္ကူစာရွက်ရဲ့တန်ဘိုးနဲ့ ကုန်ကျ စရိတ်ကိုလည်း ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ စာနာနိုင်ပါတယ်။ ဒါပေမဲ့လည်း နေ့စဉ် ငွေလည်ပတ်မှုလည်း ပြေလည်ဖို့ လိုတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ယုံကြည်ပါတယ်။ တစ်ခါ ဒုတိယရတဲ့သတင်းက ဘာသတင်း လည်းဆိုတော့ ငွေစက္ကူကို ဗဟိုဘဏ်က ထုတ်ပေးပါတယ်။ ထုတ်ပေးတယ်လို့လည်း သိရ ပါတယ်။ အကြွေ တကယ်လည်း ထုတ်ပေးတယ်လို့ သိရပါတယ်။ ဒါပေမယ့် သွားထုတ်တဲ့အဖွဲ့ တွေက ငွေစက္ကူအသေးတွေယူရင် ရေတွက်စစ်ဆေးချိန်ကြာတယ်။ အများကြီးသယ်ရတယ်။ ဒါကြောင့်မို့လို့ လွယ်အောင်(၅၀၀၀)တန်၊ (၁၀၀၀)တန်ပဲသယ်တယ် ဆိုတဲ့သဘောလည်း ပြန်ကြားပါတယ်။ ဒါဆိုရင်တော့ ထုတ်ပေးတဲ့အဖွဲ့အစည်းက အပြစ်မရှိပဲနဲ့ ထုတ်မလာတဲ့သူမှာပဲ အပြစ်ရှိတဲ့အတွက်ကြောင့် ဒီစနစ်ကို ဘဏ်ငွေစက္ကူတစ်ခါထုတ်တိုင်း ဘယ်အချိုးအစားတိုင်း ငွေစက္ကူအသေး ပါရမယ်ဆိုပြီးတော့ Compulsory ပေါ့။ မဖြစ်မနေ ထုတ်ပေးရင်တော့ ပြေလည်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့

ကျွန်တော့်အနေနဲ့ နေပြည်တော်နဲ့ ရန်ကုန် စသောမြို့ကြီးများ၌ ငွေစက္ကူအကြွေ (၅၀)တန်၊ (၁၀၀)တန်၊ (၂၀၀)တန်များ လုံလောက် အောင်လဲလှယ်ပေးခဲ့သဖြင့် အများပြည်သူများ အဆင်ပြေရသကဲ့သို့ နယ်မြို့များ၌ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှုအဆင်ပြေစေရန်အတွက် အလားတူ ငွေစက္ကူအကြွေသစ်များ လုံလောက်အောင်လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် အများပြည်သူရဲ့ ဆန္ဒအရ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ၊** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ နေပြည်တော်နှင့် ရန်ကုန်စတဲ့ မြို့ကြီးတွေမှာ ငွေစက္ကူအကြွေ(၅၀)တန်၊ (၁၀၀)တန်၊ (၂၀၀)တန်များ လုံလောက်အောင် လဲလှယ်ပေးခဲ့တဲ့အတွက် အများပြည်သူများအဆင်ပြေသလို နယ်မြို့များမှာရှိတဲ့ ပြည်သူတွေ အတွက်လည်း ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့နိုင်ဖို့အတွက် အလားတူ ငွေစက္ကူ အကြွေသစ်များကို လုံလောက်စွာလဲလှယ်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက် ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း ငွေစက္ကူတွေ ဒါမှမဟုတ် ငွေဒင်္ဂါးများဖြစ်တဲ့ ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက် လျက်ရှိရာမှာ လုပ်သားပြည်သူတွေ လွယ်လင့်တကူ ကိုင်တွယ်ပေးချေ လဲလှယ်သုံးစွဲနိုင်ဖို့ အတွက် (၁)ကျပ်တန်ကနေပြီးတော့ (၅၀၀၀)ကျပ်တန်ထိ ငွေစက္ကူ အမျိုးအစားအစုံကို ထုတ်ဝေ

ဖြန့်ဖြူးပေးလျက်ရှိသလို ပြည်တွင်းပြည်ပမှာ မြန်မာကျပ်ငွေတန်ဖိုး တည်တံ့ခိုင်မြဲစေဖို့ကိုလည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ လုပ်သားပြည်သူတွေကို ငွေကြေးကိုယ်စားလှယ် ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေကနေတစ်ဆင့် ငွေစက္ကူများကို ထုတ်ဝေဖြန့် ဖြူးပေးလျက် ရှိတဲ့အခါမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော်ကနေပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃၀)ကိုလည်းကောင်း၊ ရန်ကုန်ဘဏ်ခွဲကနေပြီးတော့ (အောက်မြန်မာပြည်)မြန်မာ့စီးပွားရေး ဘဏ်(၁၄၁)ဘဏ်ကိုလည်းကောင်း၊ မန္တလေးဘဏ်ခွဲကနေပြီးတော့ အထက်မြန်မာပြည် မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်(၁၃၉)ဘဏ်ကိုလည်းကောင်း တန်ဖိုးငယ်ငွေစက္ကူများဖြစ်တဲ့(၅၀)ကျပ်တန်၊ (၁၀၀)ကျပ်တန်နှင့် (၂၀၀)ကျပ်တန် ငွေစက္ကူများအပါအဝင် ငွေစက္ကူ အမျိုးအစားအစုံကို မိမိတို့ရဲ့ လက်ကျန်ငွေအပေါ်မှာ မူတည်ပြီးတော့ ဘဏ်ခွဲအကြီးအသေး အလိုက် လစဉ်ဖြန့်ဝေ ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ လုပ်သားပြည်သူတွေအတွက် တန်ဖိုးငယ်ငွေစက္ကူတွေ သုံးစွဲမှုအထိုက်အလျောက် အဆင်ပြေစေဖို့ဆိုပြီးတော့ (၁၀)ကျပ်တန် ကနေပြီးတော့ (၅၀၀)ကျပ်တန်ငွေစက္ကူများကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့ပေါ်မှာရှိတဲ့မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီကို ၂၂-၁-၂၀၀၈ ကနေပြီးတော့ ၃၀-၉-၂၀၁၁ အထိ ကျပ်(၁၈၅၉)သန်း၊ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတို့မှာရှိတဲ့ စည်ပင်သာယာရေးဈေးများကို ၈-၈-၂၀၀၈ ကနေပြီးတော့ ၃၀-၉-၂၀၁၁ အထိ ကျပ်(၂၃၂၈)သန်း ကျွန်တော်တို့ ဖြန့်ဖြူးလဲလှယ် ပေးခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်များကိုလည်းဘဏ္ဍာငွေ သယ်ယူတဲ့အခေါက်ရေတိုင်းမှာ တန်ဖိုးငယ်ငွေစက္ကူများ ပုံမှန်ဖြည့်တင်းပေးတဲ့အပြင် နိုင်ငံတော် ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်လမ်းညွှန်ချက်အရ ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလမှာ စစ်တွေ၊ ကျောက်ဖြူနဲ့ သံတွဲခရိုင် ဘဏ်များကို (၁၀)ကျပ်တန်ကနေပြီးတော့ (၅၀၀)ကျပ်တန်အထိ ငွေစက္ကူသစ် စုစုပေါင်းတန်ဖိုးကျပ်(၁၄၀.၀၈)သန်းကို ကျွန်တော်တို့ စင်းလုံးငှားလေယာဉ်နဲ့ သီးခြားဖြည့်တင်း ပေးခဲ့တာတွေရှိပါတယ်။ ထို့အတူ တနင်္သာရီတိုင်း ဒေသကြီးအတွင်းမှာရှိတဲ့မြန်မာ့စီးပွားရေးဘဏ် များကို ဘဏ္ဍာငွေသယ်ယူတဲ့ အခေါက်ရေတိုင်းမှာ တန်ဖိုးငယ်ငွေစက္ကူများကို ပုံမှန်ဖြည့်တင်း ပေးခဲ့ပါတယ်။ အလားတူ မြစ်ကြီးနားဘဏ်ခွဲက ဘဏ္ဍာငွေသယ်တဲ့အခေါက်တိုင်းမှာ ပုံမှန် ဖြည့်တင်းပေးတဲ့အပြင် မြစ်ကြီးနားမြို့ပေါ်နဲ့ ကျေးရွာ၊ ရပ်ကွက်များအတွက် တန်ဖိုးငယ် ငွေစက္ကူများကို ပိုမိုဖြန့်ဝေပေးဖို့ မြန်မာ့စီးပွားရေးဘဏ်၊ ကချင်ပြည်နယ်ရုံးက တင်ပြချက်အရ

၂၀၁၁ခုနှစ်၊ စက်တင်ဘာလမှာ မြစ်ကြီးနားဘဏ်ခွဲကို (၂၀)ကျပ်တန်ကနေပြီးတော့(၅၀၀)ကျပ်တန် အထိ တန်ဖိုးငယ်ငွေစက္ကူကျပ်(၄၃)သန်း ဖြည့်တင်းပေးခဲ့ပါတယ်။ လုပ်သားပြည်သူများအတွင်း လှည့်လည် သုံးစွဲနေတဲ့ငွေစက္ကူတွေဟာ ဟောင်းနွမ်း စုတ်ပြဲနေတဲ့အတွက် ငွေစက္ကူသစ်များဖြင့် တန်ဖိုးတူလဲလှယ်ပေးခြင်းစီမံချက်ကို ၃-၈-၂၀၀၉ ကနေစတင်ပြီးတော့ ရန်ကုန်တိုင်းအတွင်းမှာ ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်များကနေပြီးတော့မှ လဲလှယ်ပေးခဲ့တဲ့အခါမှာယခုအခါမှာ ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်များအားလုံးမှာလည်း လဲလှယ်ပေးလျက် ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံ့ဝန်ထမ်းများ လွယ်လင့်တကူ တန်ဖိုးငယ်ငွေစက္ကူများ အသုံးပြုနိုင်ဖို့ အတွက် နေပြည်တော်ခရိုင်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများရဲ့၂၀၁၁ခုနှစ်၊ မေလ လစာ မှ စတင်ပြီးလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများရဲ့၂၀၁၁ခုနှစ်၊ ဇူလိုင်လ လစာ မှ စတင်ပြီးလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းများရဲ့ ၂၀၁၁ခုနှစ်၊ မတ်လ လစာ မှ စတင်ပြီးလည်းကောင်း (၅၀)ကျပ်တန်၊ (၁၀၀)ကျပ် တန်နှင့် (၂၀၀)ကျပ်တန် ငွေစက္ကူသစ်များကို ထည့်သွင်းထုတ်ပေးလျက်ရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာရှိတဲ့ မြို့တော်များနဲ့ နယ်မြို့များမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ လစာငွေ များမှာလည်း တန်ဖိုးငယ်ငွေစက္ကူများကို ငွေကြေးကိုယ်စားလှယ်ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ် များကနေတစ်ဆင့် ထည့်သွင်းထုတ်ပေးနိုင်ရန် ၎င်းတို့ရဲ့ အင်အားစာရင်းကို ရရှိအောင် ကျွန်တော်တို့ စီစဥ်လျက်ရှိပါတယ်။ အင်အားစာရင်းများရတဲ့အခါမှာဗဟိုဘဏ်ရဲ့ လက်ကျန်ငွေနဲ့ ချိန်ဆပြီး ဖြန့်ဖြူးထုတ်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၏ အကြံပြုဆွေးနွေးချက်များအပေါ်ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသောကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဥ်း၍အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်း ကော်မတီရဲ့

ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဆိုင်ပေါင်းနပ် က ပြန်လည်ဖတ်ကြား ရှင်းလင်းမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့ လာတဲ့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ(မူကြမ်း)နဲ့စပ်လျဉ်းပြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် များရဲ့ အကြံပြုဆွေးနွေးချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြန်လည် စိစစ်တင်ပြချက် အစီရင်ခံစာကို ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆိုင်ပေါင်းနပ် က ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ကော်မတီများကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ကစပြီး ယင်းအစီရင်ခံစာကို ကျွန်တော်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့ လာသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာ- ရက်စွဲ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

နိဒါန်း-(၁) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်သို့ တင်ပြအတည်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနှင့် ပြန်လည်ပေးပို့ လာသည့် ဥပဒေ(မူကြမ်း)အပေါ် ၅-၁၀-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၄)ဦးက အကြံပြုဆွေးနွေးခဲ့ကြပါသည်။ ယင်းအကြံပြု ဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာစိစစ်၍အစီရင်ခံစာတင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက် - (၂) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ (၁)ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် လိုအပ်ချက်များတွင် အနည်းဆုံး ပဌမတန်းမှ ဒသမတန်းအထိ ဖွင့်လှစ်သင်ကြားရန် စီမံထားခြင်းဟု အမျိုးသားလွှတ်တော်က အတည်ပြုထားသော မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။ (၂) ကျောင်းဝတ်စုံသတ်မှတ်ချက်တွင်လည်း မူလတန်းမှအပ အခြားအတန်းများတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်းဟု အမျိုးသားလွှတ်တော်က အတည်ပြုထားသော မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။

( ခ ) ဦးနု၊ ရန်ကုန် တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ (၁) လူမှုရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ပြန်လည်ထည့်သွင်းရန် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ထောက်ခံဆွေးနွေးခဲ့ပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ပါ ပြည်ထောင်စုဥပဒေပြုစာရင်းအဆင့်(ဂ)၊ လူမှုရေးကဏ္ဍအဆင့်(ဃ)တွင် ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းများဟု တိကျစွာဖော်ပြထားခြင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတစ်ခုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ကျော်လွန်၍ ဆက်သွယ်ဆောင်ရွက်ရန် လမ်းကြောင်းမရှိခြင်း၊ လက်တွေ့အနေဖြင့်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုရေးဝန်ကြီးသာရှိ၍ ဆက်စပ်ဝန်ကြီးဌာန ဖွဲ့စည်းထားမှုမရှိခြင်းတို့ကို ဥပဒေကြမ်းကော်မတီနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပုဒ်မ ၄ ကို ပယ်ဖျက်ထားမှုအပေါ် အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်းသာ ထားရှိသင့်ကြောင်း သဘောတူခဲ့ပါသည်။ သို့ဖြစ်ပါ၍ လျှောက်ထားချက်ကို စိစစ်ခြင်းဖြစ်သော ပုဒ်မ ၁၀(က)ကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း ထားရှိသင့်ကြောင်း သဘောတူခဲ့ပါသည်။ (၂) ပုဒ်မ ၈ နှင့် ပုဒ်မ ၁၅ (ထ)ပါ ပြဋ္ဌာန်းချက်များအတွက်လည်း အမျိုးသားလွှတ်တော်က အတည်ပြုပြီးသည့်အတိုင်းသာ ထားရှိရန်သဘောတူခဲ့ပါသည်။ (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု သည် ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်က သားဖြစ်သူကျန်းမာရေး စောင့်ရှောက်ကုသရန်အတွက် ခွင့်ခံစားနေခဲ့ပါသည်။ ယခုကြားနာမှုတွင် ဥပဒေကြမ်းကော်မတီနှင့် အကျေအလည် ရှင်းလင်းဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်သည်နှင့်အညီ

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များအတိုင်း သဘောတူညီခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က ပုဒ်မ ၈ မူလပြဋ္ဌာန်းချက်တွင် ပုဒ်မ ၈(ဇ)(၅)အဖြစ် ထပ်မံဖြည့်စွက်ခဲ့သည့် "ကျန်းမာရေးနှင့် ညီညွတ်သည့် စားရိပ်သာစီစဥ်ထားရှိခြင်း" ဟူသည့် အချက်သည် လျော်ကန်သင့်မြတ်သော ပြဋ္ဌာန်းချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်-(၃) ဥပဒေကြမ်းကော်မတီ၏ ထပ်မံကြားနာစိစစ်လေ့လာတွေ့ရှိချက်များအရပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များတွင် ပုဒ်မ ၈(ဇ)(၅)အဖြစ် ထပ်မံဖြည့်စွက်ခဲ့သည့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာစီစဥ်ထားရှိခြင်း အချက်မှတစ်ပါး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်းသာ ထားရှိသင့်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြ ဆုံးဖြတ်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပဋ္ဌမတန်းက မူလတန်းထဲမှာပါလား။ အလယ်တန်းထဲမှာပါလား။ အလယ်တန်းမှာပါတယ်။ အဲတော့ ကိုယ်ပိုင်ကျောင်းက သူက ပဋ္ဌမတန်းက စပြီးဖွင့်ခွင့်ပြုလား။ အဲတော့ ကျောင်းဝတ်စုံမှာ မူလတန်းမှအပဆိုတဲ့ စကားလုံးက လိုမလား။ ၁၅ မှာ မူလတန်းပါတာပေါ့။ ကောင်းပါပြီ။ မရှင်းလို့ မေးကြည့်တာ။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအားပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်အတည်ပြုချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၄ -

လူမှုရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးအတွက် ပညာရေးအရာရှိ၏ စိစစ် တင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးခြင်း။

(ခ) ကိုယ်ပိုင်ကျောင်း ဆိုင်ရာ သတ်မှတ်ချ က်များနှင့်အညီ စည်းကမ်းတကျ ဖြစ်ရေး အတွက် ကြပ်မတ်ဆောင်ရွက်ခြင်း။

(ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ် မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှု မရှိသော ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ ပညာရေးအရာရှိ၏ စုံစမ်းစစ်ဆေး တင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးခြင်း။

(ဃ) ကိုယ်ပိုင်ကျောင်းဆရာနှင့်ဆက်စပ်သက်၍ ပညာရေးအရာရှိ၏ ဆုံးဖြတ်ချက် အပေါ် အယူခံမှုကိုအဆုံးအဖြတ်ပေးခြင်းဟုပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏အတည်ပြုထားသည့်အတိုင်း ထားရှိသင့်ကြောင်း သဘောတူညီထားပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၈ -

ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံ ရမည်-

(က) အလယ်တန်းပညာကိုဖြစ်စေ၊ အထက်တန်းပညာကိုဖြစ်စေ၊ အလယ်တန်း မှ အထက်တန်းပညာကိုဖြစ်စေ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းဟု ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုထားသော မူလ ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ကြောင်း သဘောတူညီထားပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၈(ဇ)(၅) -

ကျန်းမာရေးနှင့် ညီညွတ်သော စားရိပ်သာ စီစဉ်ထားရှိခြင်းဟု ဖြည့်စွက်ထားပါတယ်။ ၎င်းဖြည့်စွက်ချက်သည် လျော်ကန်သင့်မြတ်သော ပြဋ္ဌာန်းချက်ဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဒါကြောင့် ဒီဖြည့်စွက်ချက်ကို သဘာတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၈(ဇ)(၅) ဖြည့်စွက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ဇ)(၅)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၁၀ (က) -

ပညာရေးအရာရှိသည် ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့်ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်ဟု ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြု ထားသည့်အတိုင်း ထားရှိသင့်ကြောင်းသဘောတူညီထားပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၁၆(ဒ)

မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်း။ (ယင်းသို့ သတ်မှတ်ရာတွင် အခြားကိုယ်ပို င်ကျောင်းများနှင့် ကွဲပြားစေရန်အလို့ငှာ အင်္ကျီနှင့်လုံချည်အရောင် တို့ကို သတ်မှတ်ပေးနိုင်သည်ဟု) ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုထားသော မူလပြဋ္ဌာန်းချက်အ တိုင်းသာ ထားရှိသင့်ကြောင်း သဘောတူညီထားပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်လျှင် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲ ခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး

ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဆောလျင်စွာအဆိုတင်သွင်းရန် ဖြစ်ပါတယ်။ ဒါကြောင့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေမူကြမ်းနဲ့ စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်အနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပြီးတော့တင်သွင်းရန် အဆိုတင်သွင်းအပ်ပါသည်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ် ပုံတင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်တွင် ပြန်လည်ဆွေးနွေးခဲ့ရာ သဘောမတူသည့် သဘောထားကွဲလွဲချက်များကို အမျိုးသားလွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော လယ်ယာမြေ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော လယ်ယာမြေ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမြညိမ်း(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်

အစီရင်ခံစာကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။ (၁) ပြည်သူ့လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ရက်စွဲပါစာအမှတ်၊ ၃/ပသ(ကော်မတီ)၁/၂၀၁၁-၁၄၆ ဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ နှင့်အညီ ပေးပို့လာသည့် လယ်ယာမြေ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီမှ အသေးစိတ် စိစစ်လေ့လာခဲ့ပါတယ်။ လယ်ယာမြေကိစ္စ၌ ကျွမ်းကျင်မှုရှိ၍ လက်တွေ့စီမံခန့်ခွဲနေသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ၂၈-၉-၂၀၁၁ ရက်နေ့တွင် ဖိတ်ခေါ်၍ မေးမြန်းဆွေးနွေးကြားနာခဲ့ပါတယ်။ ဤဥပဒေ (မူကြမ်း )တွင် အခန်း (၁၃)ခန်းနှင့် ပုဒ်မပေါင်း(၃၂)ခု ပါဝင်ပါတယ်။

(၂) ဥပဒေကြမ်းကော်မတီသည် အောက်ပါအချက်များကို အခြေခံ၍ လယ်ယာမြေ ဥပဒေကြမ်းကို စိစစ်ခဲ့ပါတယ်- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်း ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ။(ခ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုအလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ။ (ဂ) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ /မရှိ။ (ဃ) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ /မရှိ။ (င) သက်ဆိုင်ရာ ဥပဒေနှင့်စပ်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ။ (စ) ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့်အခြေအနေ ရှိ /မရှိ။ (ဆ) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ။

(၃) လေ့လာတွေ့ရှိချက်များ- ဤဥပဒေ(မူကြမ်း)သည် လယ်ယာမြေဥပဒေအသစ် တစ်ရပ် အဖြစ်ရေးဆွဲခြင်းဖြစ်ပြီး တည်ဆဲဥပဒေများဖြစ်သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်သည့်ဥပဒေနှင့် ၁၉၆၅ ခုနှစ်၊ သီး စားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများအား ဤဥပဒေဖြင့် ရုပ်သိမ်းမည်ဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါတယ်။

(၄) ဥပဒေအသစ်တစ်ခု ရေးဆွဲရာ၌ ဥပဒေရေးထုံးရေးနည်း မှန်ကန်ပြီး အကြောင်းအရာ အချက်အလက်များ ပြ ည့်စုံနေရန် လိုအပ်ပါသည်။ ဤဥပဒေ (မူကြမ်း)အား လေ့လာစိစစ်ရာ

ယင်းကဲ့သို့မှန်ကန်ပြည့်စုံရန် လိုအပ်နေသေးကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကိုယ်စားလှယ်က တင်ပြခဲ့ပါကြောင်းလည်း ကြားနာတွေ့ရှိရပါတယ်။

(၅) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကလည်း အောက်ပါအတိုင်း တင်ပြခဲ့ ပါတယ် - (က) ဤဥပဒေ(မူကြမ်း)သည် နိုင်ငံတော်၏ လူ ဦးရေ အများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝကို ပြောင်းလဲသွားစေနိုင်သည့် ဥပဒေမျိုး၊ ပြည်သူအများစုနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေမျိုးဖြစ်ပါသည်။ ဥပမာ - ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင် ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ လယ်ယာမြေများကို ပုဒ်မ ၅ အရ သိမ်းယူခြင်း၊ ပုဒ်မ ၆ အရ ကင်းလွတ်ခွင့် ပြုခြင်း၊ ပုဒ်မ ၇ အရ ဝေငှခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းဥပဒေအရ လယ်ယာမြေများကို သိမ်းယူ၍ ဝေငှထားမှုများလည်း ရှိပါတယ်။ ယင်းဥပဒေ အရ လက်ရှိထားပိုင် ခွင့်နှင့် လုပ် ကိုင်ခွင့်ရှိနေသူကို မည်ကဲ့သို့ ပုံစံဖြင့် ထပ်မံ၍ လုပ်ပိုင်ခွင့် ပေးမည်ကိုလည်း ရှင်းရှင်းလင်းလင်း ထားရမည် ဖြစ်ပါသည်။ အများနှင့် သက်ဆိုင်သော မြေယာ ကိစ္စမျိုးဖြစ်၍ သတိထားရန်လည်း အထူးလိုအပ်နေပါတယ်။

(ခ) ထပ်မံစိစစ်ရာ၌ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာသည့် လယ်ယာမြေ များမှာ- (၁) ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအရ အာဏာသက်ရောက်ပြီး လယ်ယာ မြေများ၊ ကင်းလွတ်ခွင့်ပေးသည့်မြေ၊ နိုင်ငံပိုင်ပြုလုပ်ပြီးမြေ၊ ဝေငှပြီးမြေ၊ (၂) ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အာဏာ မသက်ရောက်သည့် မြေ၊ (၃) ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအာဏာ မသက်ရောက်သေးသည့်မြေ၊ (၄) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ အရ သီးစား ချထားခံရသည့်မြေဟူ၍ အမျိုးမျိုးရှိပါတယ်။ ယင်းမြေအမျိုးအစားအား လုံးကို နောက်ဥပဒေအသစ်၌ ခြုံငုံအကျုံးဝင်ရန်လည်းလိုအပ်ပါတယ်။ ဆက်စပ်နေသော သစ်တောမြေ၊ စားကျက်မြေ စသည့်အခြားမြေများလည်း ရှိပါတယ်။

(ဂ) ယနေ့အချိန်အထိ လယ်ယာမြေအမျိုးအစား၊ အရွယ်အစားတို့နှင့် စပ်လျဉ်း၍ တိကျသော မြေစာရင်းမရှိဘဲ ပြုစုနေဆဲဖြစ်ပါ သည်။ မြေကြီးမြေပုံမှန်ကန် ရေး၊ မြေယာစာရင်း မှန်ကန်ရေးမှာ ဤဥပဒေအတွက် အခြေခံကျသည့် အချက်ဖြစ်ပါသည်။

(ဃ)ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်နိုင်ရန် ပြဋ္ဌာန်း ချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိဟူသောအချက်အရ စိစစ်ရာ ဤဥပဒေ (မူကြမ်း) ပုဒ်မ ၄ ၌ ပုဂ္ဂိုလ်၊

အဖွဲ့အစည်းဟု ဖော်ပြထားသော်လည်း မည်သူ တို့ကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါ။ အဖွဲ့အစည်းဆိုသည်မှာ Incorporated လုပ်ထားသည့်အဖွဲ့ကို ဆိုလိုခြင်း ဟုတ် /မဟုတ် အဓိပ္ပာယ် ရှင်းလင်းရန် လိုအပ်ပါတယ်။ ပုဒ်မ ၉ ၌ နိုင်ငံခြားသား၊ နိုင်ငံခြားသား ပါဝင်တဲ့ အဖွဲ့အစည်းဟု ဖော်ပြထားသော်လည်း အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါ။အဓိပ္ပာယ်ဖွင့်ဆို မထားပါက အဓိပ္ပာယ်ကောက်ယူရာ၌ မှားယွင်းမှု၊ ကွဲလွဲမှုများ ရှိလာနိုင်မည် ဖြစ်ပါသည်။ နိုင် ငံခြားသား ကိစ္စပါဝင်နေ၍ ပိုမို တိတိကျကျ အဓိ ပ္ပာယ်ဖွင့်ဆိုထားရမည့် ကိစ္စရပ် ဖြစ်ပါသည်။ ပုဒ်မ ၁၁ အရ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့(၅)ရပ်ဖွဲ့စည်းမည်ဟု သတ်မှတ်ထားသော်လည်း အဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ကွဲ ကွဲပြားပြားမရှိဘဲ ရောထွေးလျက် ရှိပါတယ်။ အယူခံမှု ပြင်ဆင်မှုတို့ အတွက်လည်း တိကျစွာ ဖော်ပြမထားကြောင်းလည်း တွေ့ရှိရပါတယ်။

(င) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေသည် နှစ်ပေါင်း (၅၀)ကျော်ကျင့်သုံးလာပြီး အခြေကျပြီးသည့် ဥပဒေဖြစ်သကဲ့သို့ ၎င်းဥပဒေအရ လယ်ယာမြေနှင့် စပ်လျဉ်း၍ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး လယ်ယာမြေများကို သိမ်းယူခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ ဝေငှခြင်း၊ သီးစားချထားခြင်းတို့လည်း ပြုလုပ်နိုင်စွမ်းရှိပြီး ဖြစ်ပါတယ်။ ယင်းဥပဒေ၌ ချို့ယွင်း အားနည်းမှုများရှိပါကလည်း ပြင်ဆင်ဖြည့်စွက်နိုင်ပါ သည်။ ယင်းသို့ အခြေကျပြီးသော ဥပဒေ တစ်ခုကို ရုပ်သိမ်းသည့်အထိပြုလုပ်ပြီး ဥပဒေအသစ်ဖြင့် အစားထိုးရန်ကိစ္စမှာ ကျယ်ကျယ်ပြန့်ပြန့်၊ ညှိညှိနှိုင်းနှိုင်း စဉ်းစားသင့် သည့် ကိစ္စရပ်ဖြစ်ပါတယ်။ ဆက်စပ်နေသော ဝန်ကြီးဌာနများ၏ သဘောထားကိုလည်း မေးမြန်းရယူသင့်ပါသည်။

(စ) ၎င်းဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက အဓိက အကောင်အထည်ဖော် ဆောင်ရွက် ရမည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး မေးမြန်းခဲ့ရာတွင် လယ်ယာမြေ များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင် ရွက်ရာတွင် ၎င်းတို့ ဝန်ကြီးဌာနတစ်ခုတည်းမကဘဲ ဆက်စပ်ဝန်ကြီးဌာနများဖြစ်ကြသော သစ်တောရေးရာ ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာန စသည့် ဌာနများနှင့်လည်းသက်ဆိုင်ကြောင်းဥပဒေမူကြမ်းနှင့် ဆက်စပ်စဉ်းစားဆိုက်သော ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းသင့်သည့် အချက်အလက်များရှိပါကြောင်း တင်ပြထားသည်ကိုလည်း ကြားနာတွေ့ရှိပါတယ်။

ထို့ပြင် နောင်၌ ဖွဲ့စည်းဖြစ်ပေါ်လာနိုင်သည့် တောင်သူ လယ်သမားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း ဤဥပဒေ ရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။

ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက် - ဤဥပဒေ(မူကြမ်း)သည် မြေယာမူဝါဒရေးရာနှင့် မြေယာအသုံးချရေးကိစ္စရပ်များ အကျုံးဝင်ဆက်စပ်လျက်ရှိပါသည်။ ပြည်သူအများနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေပါ သည်။ ဝန်ကြီးဌာနတစ်ခုတည်း၏ သဘောထားအမြင်ဖြင့်လည်း ရေးဆွဲ၍မပြည့်စုံနိုင်ပါ။ လက် တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေရှိ/မရှိကိုလည်း စိစစ်ရန်လိုအပ်ပါတယ်။ ဆက် စပ်နေသော အခြား ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပြည့်စုံအောင်၊ ဟာကွက်မရှိ အောင် အချိန်ယူရေးသားသင့်သည့် ဥပဒေမျိုးဖြစ်ပါတယ်။ လယ်ယာမြေနှင့်စပ်လျဉ်း၍ ဆက် စပ်လျက်ရှိသော ဥပဒေများ (၁၅)ခုခန့်ရှိပါသဖြင့် ယင်းဥပဒေများမှ ပေါ်ပေါက်လာမည့် ဥပဒေရေးရာကိစ္စရပ်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များလည်းရှိနေကြောင်း သုံးသပ်ရရှိပါတယ် ။ သို့ဖြစ်ပါ၍ ဤဥပဒေ (မူကြမ်း)ကို အစိုးရအဖွဲ့က မူ ဝါဒများချမှတ်ခြင်း၊ အချက်အလက်များ ပြည့်စုံစွာရယူခြ င်းတို့ကို တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကဖြစ်စေ ပြန်လည်ရေးဆွဲသင့်သော ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ကော်မတီရဲ့ တင်ပြချက်အပိုဒ်(၇)နဲ့ ပတ်သက်လို့ နည်းနည်းလေး ဖြည့်စွက်ပြီးရှင်းပြပါမယ်။ အပိုဒ်(၇) ထို့ပြင်နောင်၌ ဖွဲ့စည်းဖြစ်ပေါ်လာနိုင်သော တောင်သူလယ်သမားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း ဤဥပ ဒေရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။ ပြီးခဲ့တဲ့ လွှတ်တော်မှာ ဆွေးနွေးသွားတဲ့ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေကြမ်းမှာ တောင်သူလယ်သမားအကျုံးဝင်ပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်း အတည်ဖြစ်တဲ့ အချိန်မှာ တောင်သူလယ်သမားဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မည်ဖြစ်ပါတယ်။ တကယ်လို့ တောင်သူလယ်သမား အဖွဲ့အစည်းနဲ့ပတ်သက်လို့ ဥပဒေကြမ်း ထပ်ပြီးတင်သွင်းမယ်ဆိုရင်လည်း ရပါတယ်။ မတင်သွင်းရင်လည်း လုပ်လို့ကိုင် လို့ရနေပြီဆိုတာ အားလုံးကို အသိ ပေးပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီရဲ့ တင်ပြချက်အရ ဤဥပဒေမူကြမ်းသည် မြေယာမူ ဝါဒရေးရာနှင့် မြေယာအသုံး ချရေးကိစ္စများ အကျုံးဝင် ဆက်စပ်လျက်ရှိပါသည်။ ပြည်သူများနဲ့လည်း တိုက်ရိုက်သက်ဆိုင်နေပါသည်။ ဝန်ကြီးဌာနတစ်ခုတည်း၏ သဘောထား အမြင်ဖြင့်လည်း ရေးဆွဲ၍ မပြည့်စုံနိုင်ပါ။ လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် အခြေအနေရှိ/မရှိကို စိစစ်ရန်လိုအပ်ပါသည်။ ဆက်စပ်နေသော အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်း များနှင့်ညှိနှိုင်း၍ ပြည်စုံ အောင်၊ ဟာကွက်မရှိအောင် အချိန်ယူရေးသားသင့်သည့် ဥပဒေမျိုး ဖြစ်ပါသည်။ လယ်ယာမြေနှင့် စပ်လျဉ်း၍ ဆက်စပ်လျက် ရှိသောဥပဒေများမှာ (၁၅)ခုခန့်ရှိပါသဖြင့် ယင်းဥပဒေများမှ ပေါ် ပေါက်လာမည့် ဥပဒေရေးရာ ကိစ္စရပ်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များရှိနေ ကြောင်းလည်း သုံးသပ်တင်ပြ သွားပါတယ်။ ဒါကြောင့်ဒီဥပဒေမူကြမ်းကို အစိုးရအဖွဲ့ကမူဝါဒများချမှတ်ခြင်း၊ အချက်အလက်များ ရယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ ပြန်လည်ရေး ဆွဲရန် ပေးပို့မည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်းနှင့် ပတ်သက်၍ ခိုင်မာပြ ည့်စုံစေရန် ဆက်လက် ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ရပ် အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်သည်။ (သြဘာသံများ)

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ အများပြည်သူသုံး ရေပေး ဝေရေးလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင် စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သောစည်းမျဉ်း ဥပဒေတစ်ရပ်ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အများပြည်သူသုံး ရေပေး ဝေရေး လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ အ စိတ်အပိုင်းကိုဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သော စည်းမျဉ်း ဥပဒေ

တစ်ရပ် ထုတ်ပြန်ပေးရန်နှစ်ပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးဖုန်းမြင့်အောင် က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးဖုန်းမြ င့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်ပြမယ့်အဆိုကတော့ အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်တဲ့ အဆိုဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဓိ ကအများစုနေရာတွေမှာ ရေအရင်းအမြစ်များ ပေါကြွယ်ဝပါတယ်။ သို့သော်ငြားလည်း အရင်းအနှီးနှစ်စီမံခန့်ခွဲမှုလိုအပ်ချက်ကလေးတွေကြောင့် လူအများစုဟာ ကျွန်တော်တို့ Running water လို့ခေါ်တဲ့ ဘုံဘိုင်ဖွင့်လိုက်ရင် ရေတန်းလာတဲ့ စနစ်ကို မကျင့်သုံးနိုင်ကြပါဘူး။ ဒါကြောင့် ငွေကြေးတတ်နိုင်တဲ့သူတွေကတော့ အဝီ စိတွင်း တွေတူး၊ လေမှုတ်စက်တွေ၊ ရေစုပ်စက်တွေနဲ့ ကျွန်တော်တို့ ရေကိစ္စကို ဖြေရှင်းနေကြ ပါတယ်။ ဒါ အများစုကတော့ ရေတုံကင် တွေ၊ ရေ တွင်းရေကန်တွေ၊ ရေငုတ်တွေမှာ ပုံးတွေ၊ ခွက်တွေ၊ ထမ်းပိုးတွေနဲ့ တွန်းလှည်းတွေနဲ့မျိုးစုံ ရေကိစ္စကို သယ်ယူပြီးဖြေရှင်း နေကြပါတယ်။ ဒီလိုစနစ်တွေ ဟာ ကျွန်တော်တို့ တစ်ဦးချင်းစီ တတ်နိုင်တဲ့သူအတွက်ကလည်း တစ်ဦးချင်းဆီမှာ ရင်းနှီးမှုတွေ၊ စက်ဆိုတဲ့အတွက် ပြုပြင်စရိတ်တွေ ရှိပါတယ်။ မတတ်နိုင်တဲ့သူတွေအတွက်ကလည်း နေ့စဉ် သုံးရေအတွက် အချိန်နဲ့လုပ်အား ကုန်ဆုံးမှုတွေ ရှိပါတယ်။ ဒါကြောင့် အချို့မြို့တွေ မှာတော့ အစိုးရ ရေပေးဝေရေးစနစ် ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာပေါ့။ အများစုဟာ Running Water လို့ခေါ်တဲ့ ရေအားကို ဘုံဘိုင်ဖွင့်တာနဲ့ လာတဲ့စနစ် မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒေသတွေမှာ ဆိုလို့ရှိရင် အောက်က တွင်းလေးတွေ တူးထား ရပါတယ်။ အဲဒီတွင်းလေးထဲကို ရေကျတော့မှ ကျလာတဲ့ရေကိုပဲ ခပ်တာတွေ၊ ရေစုပ်စက်နဲ့ စုပ်တာတွေ အဲဒါမျိုးလုပ်ရပါတယ်။ ဒါကြောင့်သုံးစွဲသူ အများစုဟာ ကျွန်တော်တို့ ရေဘုံဘိုင်ဖွင့်ပြီးတော့မှ အဆင်သင့်သုံးစွဲလို ပါတယ်။ အဲဒီ သုံးစွဲလို တဲ့အတွက်ကလည်း ကျသင့် တဲ့အခွန်ကို ရေမီတာကနေတစ်ဆင့် ကျွန်တော်တို့ပေးဆောင်နိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာမှာလည်း ဒီလိုစနစ်ကိုပဲ ကျင့်သုံးနေကြတာပါ။ ဒါကြောင့် ကျွန်တော် တို့ ဒေသတစ်ခုမှာ ဒီလိုစနစ်ကို အကောင်အထည်ဖော်ဖြစ်အောင် လုပ်မယ် ဆိုလို့ရှိရင် Running Water ဖြစ်ဖို့အတွက် ဆင့်ကဲဆင့်ကဲ ဒါလိုအပ်တဲ့ စက်မောင်းမယ်။ ကျွန်တော် ပိုက်လိုင်းတွေကို လမ်းပေါ်မှာ

ကွန်ယက်သဖွယ် သွယ်ကြမယ်။ ရေမီတာတွေတပ်မယ်။ ရေမီတာ တွေကတစ်ဆင့် ကျသင့်တဲ့ အခွန်ကို ကောက်မ ယ်။ ဒီဟာလေးတွေကလည်း ပုံမှန်ပြုပြင်ထိန်း သိမ်း မှုလေးတွေ လုပ်ရမှာ ပေါ့ဗျာ။ အဲဒီလိုလုပ်ငန်းလေးတွေကျတော့ ကျွန်တော်တို့ ပုဂ္ဂလိက သို့မဟုတ် အများပိုင်လုပ်ငန်း တစ်ခုကို လွှဲ အပ်မယ်ဆိုလို့ရှိရင် ပိုပြီး တော့အဆင်ပြေနိုင်ပါတယ်။ အစိုးရဆိုတာမျိုးကတော့ အဲဒီလောက် အသေးစိတ်လုပ်ငန်းလုပ်ဖို့အတွက် သိပ် မလွယ်ပါဘူးခင်ဗျား။ အစိုးရကတော့ မိန်းပိုက်ကြီးတွေလောက်ပဲသွယ်ပြီးတော့ အဲဒါ တွေကိုပဲ အာ ရုံစိုက်လုပ်ဖို့လိုပါတယ်။ အဲဒီ မိန်းပိုက်ကြီးကနေ အဲဒီဒေသအတွက်ကို ရေသုံးတဲ့နေရာပေါ့လေ။ မိန်းဘားလေးတစ်ခု ကနေပြီး မီတာတပ်ပြီးတော့ ကျသင့် တဲ့ငွေကို လုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိက သို့မဟုတ် အများဆီက ကောက်လိုက်ရင်လည်း အစိုးရ အတွက်ကလည်း လုပ်ငန်း Procedure တွေလျော့ပြီးတော့ ဝန်ထုပ်ဝန်ပိုးတွေ လျော့သွားနိုင်ပါတယ်။ ကျွန်တော်တို့ သုံးစွဲသူတွေဘက်ကလည်း ရေနဲ့ပတ်သက် လို့ရှိရင် ကိုယ့်အိမ်မှာကိုယ် လိုတဲ့နေရာလေးတွေ၊ ရေချိုးခန်းလေးတွေကအစ ဆော်လို့ရပါတယ်။ အိမ်သာလေးတွေမှာလည်း ရေဘုံဘိုင်လေးတွေ တပ်ပြီးတော့ရှိရင် ကျန်းမာရေးအတွက် ပိုသင့် လျော်တယ်။ ရေကိုအလွယ်တကူသုံးနိုင်တဲ့ အဆင့်မျိုးတွေဖြစ်ပြီးတော့ လူနေမှုအဆင့်အတန်းတွေ မြင့်လာနိုင်ပါတယ်။ ဒါကြောင့် သုံးရေကိစ္စက လူတိုင်းလိုအပ်ချက်ဖြစ်တဲ့အတွက် ကျွန်တော် တင်ပြတဲ့ အများပြည်သူသုံး ရေပေးဝေရေး လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင် သို့မဟုတ် အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်ခွင့်ပြုဖို့အတွက် လိုအပ်တဲ့ စည်းမျဉ်းဥပဒေတွေ ထုတ်ပြန်ဖို့အတွက် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တချို့ကို ဆွေးနွေးကြည့်တဲ့အချိန်မှာ တချို့ကိုယ်စားလှယ်ကြီးတွေ နေတဲ့မြို့တွေမှာ ဒီစနစ်က လုပ်နေပါပြီ။ အောင်မြင်လည်းအောင်မြင်နေကြတယ် ပြောပါတယ်။ ဒါကြောင့် လ က်ရှိလည်း လုပ်နေကြတယ်။ အောင်မြင်နေတဲ့ မြို့ အချို့လည်းရှိပါတယ်။ ဒီ ဟာကို ဥပမာကိုယူပြီး ကျန်တဲ့မြို့တွေမှာလည်း လုပ်နိုင်ဖို့အတွက် စည်းမျဉ်းဥပဒေလေးတစ်ခု လိုအပ် တယ်လို့ ထင်မြင်ယူဆတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ၊** ။ အဆိုကို ထောက်ခံမယ့်သူရှိပါကဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ရဲ့ အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သော စည်း မျဉ်းဥပဒေတစ်ရပ်ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဖြစ်ပါတယ်။ ဒါကြောင့်အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှ တ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စား လှယ် မရှိတဲ့အတွက် ဦးဖုန်းမြင့်အောင် ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအ ဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာ န ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌက ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရေး ဆောင်ရွက်ရန် အဆိုနှင့်စပ်လျဉ်း၍ ကော်မတီ၏ ကြားနာသုံးသပ်မှု အစီရင်ခံစာတင်ပြခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှ မ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေ ဝင်းထွန်း တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေ ရေး ဆောင်ရွက်ရန်အဆိုနှင့် စပ်လျဉ်း ၍ ကော်မတီရဲ့ ကြားနာသုံးသပ်မှုအစီရင်ခံစာကို အမျိုးသားစီမံကိန်း၊ စီးပွားရေးနှင့် ငွေရေးကြေးရေး အခွန်အကောက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားစီမံကိန်း၊ စီးပွား ရေး၊ ငွေ ရေးကြေးရေးနဲ့ အခွန် အကောက်ဆိုင်ရာကော်မတီအနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ရှ မ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေ ဝင်းထွန်း က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအဆိုနဲ့ ပတ်သက်၍ ကော်မတီရဲ့ ကြားနာခြင်းအခြေအနေနဲ့ သုံးသပ်တင်ပြချက်ကို ကော်မတီ ကိုယ်စား ကျွန်တော်က တင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် ဦးနေဝင်းထွန်းနှင့် ထောက်ခံဆွေးနွေးသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၉)ဦးတို့ရဲ့ ထောက်ခံဆွေးနွေးချက်မှာ ပါဝင်တဲ့အချက်များဟာ အဓိကအနေနဲ့ အချက်(၉)ချက် ပါဝင်ပါတယ်။ အဲဒီအချက်(၉)ချက်မှာ- (က) ဓာတ်သတ္တုတူးဖော်ရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျ တူးဖော်ရေး။ (ခ) ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများ ထင်သာမြင်သာရှိရေး။ (ဂ) (၁)ဧက သို့မဟုတ် (၁၀)ဧကလုပ်ကွက်များသတ်မှတ်၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ခွင့်ပြုရေးနှင့် လုပ်ကွက်

များကို ဧက ရာထောင်ချီ၍ ခွင့်မပြုရေး။ (ဃ) တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများအပေါ် ဓာတ်သတ္တုအခွန် (၃)ရာခိုင်နှုန်းသာကောက်ခံရန်နှင့် အကျိုးတူလုပ်ငန်းများအပေါ် ခံစားခွင့် (၄၀ အချိုး ၆၀)မှ(၂၀ အချိုး ၈၀)သို့ လျှော့ပေါ့ပေးနိုင်ရေး။ (င)ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီ တည်ထောင်ရန် လျှောက်ထားရာတွင် ကြန့်ကြာမှု မရှိစေရေး။ (စ) သတ္တုတွင်းဝန်ကြီးဌာန၏ ဓာတ်သတ္တုတူးဖော်ခွင့် အမိန့်ရရှိရန် လျှောက်ထားရာတွင် ကြန့်ကြာမှုမရှိစေရေး။ (ဆ) ဓာတ်သတ္တု ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေး။ (ဇ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် (ဈ) ဓာတ်သတ္တုတူးဖော်ရာတွင် သဘာ ဝပတ်ဝန်းကျင် မထိခိုက်စေရေးဆိုတဲ့ အချက် (၉)ချက် ဖြစ်ပါတယ်။ အဲဒီအချက်(၉)ချက်အပေါ်မှာ ကျွန်တော်တို့ကော်မတီရဲ့ ကြားနာရရှိမှုနဲ့ သုံးသပ်ရရှိမှု အပိုင်းကို ဆက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ ဓာတ်သတ္တုတူးဖော်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း များနှင့်အညီ စနစ်တကျတူးဖော်ရေးအချက်နဲ့ပတ်သက်ပြီးတော့ ကြားနာရရှိမှုက မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်နဲ့ ညွှန်ကြားချက်များ ပြည့်ပြည့်စုံစုံ ထုတ်ပြန်ထားပြီး စနစ်တကျ တူးဖော်စေကြောင်း အထောက်အထားများနှင့် တင်ပြပါတယ်။

ကော်မတီရဲ့သုံးသပ်ရရှိချက်- တူးဖော်မှုလုပ်ငန်းများသည် မြန်မာပြည်အနှံ့ ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနဲ့ အချို့နေရာများသည် နယ်မြေလုံခြုံမှု အာမခံချက်မရှိခြင်း တို့ကြောင့် စစ်ဆေးကြပ်မတ်မှုကို အပြည့်အဝ မပြုလုပ်နိုင်ကြောင်း သုံးသပ်ရရှိပါသည်။

ဒုတိယအချက်ဖြစ်တဲ့ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်း ဥပဒေ၊ အမိန့်၊ ညွှ န်ကြားချက်၊ လုပ်ထုံးလု ပ်နည်းများ ထင်သာမြင်သာရှိရေး အချက်နှင့် ပတ်သက်၍ကြားနာရရှိမှု- သတ္တုတွင်းဥပဒေ၊ နည်းဥပဒေစာအုပ်များကို အလွယ်တကူ ဝယ်ယူ ရရှိနိုင်အောင် စီစဥ်ပေးထားကြောင်း၊ လုပ်ငန်းလုပ်ကိုင်လိုသူများ နားလည်သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေး အသိပညာပေးမှုများကို သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေ ဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့က လို အပ်တဲ့နေရာသို့ ဒေသခံအဖွဲ့အစည်းများမှ တောင်းဆို သည့်နေရာများသို့ အကြိမ်ကြိမ်သွားရောက်ချပြ ရှင်းလင်းဆွေးနွေးခြင်း၊ တောင်းဆိုတဲ့နေရာသို့ သွားရောက်ရန်လည်း ပညာရှင်ဝန်ထမ်းများအား အဆင်သင့်စီမံထားကြောင်း တင်ပြပါတယ်။

ကော်မတီ၏သုံးသပ်ရရှိချက် - ဌာန၏ အထက်ပိုင်းတာဝန်ရှိသူများက ဥပဒေ၊ နည်းဥပဒေစာအုပ်များ အလွယ်တကူ ရောင်းချပေးနိုင်ရန် ညွှန်ကြားထုတ်ပြန်ထားမှုများရှိမည်ဖြစ်သော်လည်း အောက်ခြေဖန်ထမ်းများ၏ အားနည်းချို့ယွင်းမှုကြောင့် ဖော်ပြပါဥပဒေ၊ နည်းဥပဒေစာအုပ်များကို တိုင်းဒေသကြီး/ပြည်နယ် သတ္တုတွင်းဦးစီးဌာနရုံးများတွင် အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း မရှိကြောင်းနှင့် ပညာရှင်အဖွဲ့များ သွားရောက်တောင်းဆိုသည့်နေရာဒေသများသို့ သွားရောက်ချပြ ရှင်းလင်းခြင်းဆိုသည်မှာလည်း ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း၊ သွားရောက်သည့်အချိန်တွင် လုပ်ငန်းခွင်၌ ရှိသည့်သူများကိုသာ ရှင်းလင်းဆွေးနွေးခြင်းဖြစ်သည်။ ပြည်သူများကြိုတင်အကြောင်းကြားစုစည်းထားခြင်း၊ ရှင်းလင်းခြင်းမျိုးကို မပြုလုပ်နိုင်ကြောင်းသုံးသပ်ရရှိပါတယ်။

အချက်(၃)ဖြစ်တဲ့ (၁)ဧက သို့မဟုတ် (၁၀)ဧက လုပ်ကွက်များသတ်မှတ်၍ တစ်နိုင်တစ်နိုင် လုပ်ကိုင်ခွင့်ပြုရေးနှင့် လုပ်ကွက်များကို ဧက ရာထောင်ချီခွင့်မပြုရေးနဲ့ ပတ်သက်ပြီးတော့ ကြားနာရရှိမှု- ဓာတ်သတ္တုဖြစ်ထွန်းမှု သတ္တုသိုက်ပမာဏနဲ့ စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် ပမာဏ အရွယ်အစား စသည်တို့အပေါ်အခြေခံ၍ နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ လုပ်ကိုင်သူ အနေဖြင့်လည်းကောင်းရရှိနိုင်မယ့်အကျိုးအမြတ်အပေါ်စိစစ်၍ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ခွင့်၊ အသေးစားထုတ်လုပ်ခွင့်၊ အကြီးစားထုတ်လုပ်ခွင့် ခွင့်ပြုမိန့်များကို သတ္တုတွင်းဝန်ကြီးဌာနက အောက်ပါအတိုင်းစိစစ်ခွင့်ပြုပေးနေပါကြောင်း(ကက) ရွှေဓာတ်သတ္တုလက်လုပ်လက်စားအတွက် တစ်ဦးလျှင်(၀.၅)ဧကစီသုံးခွင့် ခွင့်ပြုပါတယ်။ (ခခ) ကျန်ဓာတ်သတ္တုလက်လုပ်လက်စားအတွက် တစ်ဦးလျှင်(၁)ဧကစီသုံးခွင့် ခွင့်ပြုပါတယ်။ (ဂဂ) သတ္တုအသေးစားထုတ်လုပ်ခွင့်(၅၀)ဧကအောက် ခွင့်ပြုပါတယ်။ (ဃဃ) စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် အလှဆင်ကျောက်အသေးစားထုတ်လုပ်ခွင့် စတုရန်းကီလိုမီတာ(၄၄၇.၁)ထက် မပိုသောဧကကို ခွင့်ပြုပါတယ်။ (ငင) သတ္တုစက်မှုတွင်းထွက် ကုန်ကြမ်း၊ အလှဆင်ကျောက် အကြီးစားထုတ်လုပ်ရန်အတွက် အဆိုပြုဧရိယာသည် ထုတ်လုပ်မှု အတွက် လိုအပ်သောဧရိယာထက်မများတဲ့ ဧရိယာကို ခွင့်ပြုပါတယ်။

ကော်မတီရဲ့သုံးသပ်ရရှိချက်- နိုင်ငံတော်နဲ့ လုပ်ကိုင်သူတို့ ထွက်ရှိမှု အပေါ် မျှဝေခံစားသည့် အသေးစား၊ အကြီးစားလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိသော်လည်း လက်လုပ်လက်စားကွက်များကို ခွင့်ပြုမှုနည်းရေအတွက် နည်းပါးလျက်

ရှိကြောင်းနဲ့ အကြီးစားထုတ်လုပ်သူများကို ဧက ရာထောင်ချီ၍ ခွင့်ပြုပေး ခြင်းမျိုးမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသတ်ဖြင့် ဧရိယာသတ်မှတ်ပေးလျက်ရှိကြောင်း သုံးသပ်ရရှိပါသည်။

အချက်(၄)ဖြစ်တဲ့ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများအား ဓာတ်သတ္တုခွန် (၃)ရာခိုင်နှုန်းသာ ကောက်ခံရန်နှင့် အကျိုးတူလုပ်ငန်းများအပေါ် ခံစားခွင့် ပျမ်းမျှ (၄၀ အချိုး ၆၀)မှ (၂၀ အချိုး ၈၀) သို့ လျှော့ပေါ့ပေးနိုင်ရေး။ ကြားနာရရှိမှု- ဓာတ်သတ္တုခွန်ကို မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ-၁၈ အောက်ပါအတိုင်း သတ်မှတ်ထားပါကြောင်းနှင့် ၎င်းအတိုင်းပင်ကောက်ခံလျက်ရှိပါကြောင်း (ကက) ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အေရီဒီယမ်၊ အောဒ်မီယမ်၊ ပလက်တီ နမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင် အိုဘီယမ်၊ ယူရေနီယ မ်၊ သိုရီယမ် စတဲ့ အဖိုးတန် ဓာတ်သတ္တုများအတွက် (၄)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်း ကောက်ခံပါတယ်။ (ခခ) သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်း နစ်၊ ဘစ်မတ်၊ ကဒ် မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနိးစ် စတဲ့သတ္တုများအတွက် (၃)ရာခိုင်နှုန်းမှ (၄)ရာခိုင်နှုန်း ကောက်ခံပါတယ်။ (ဂဂ) စက်မှုတွင်းထွက် ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် (၁)ရာခိုင်နှုန်းမှ (၃)ရာခိုင်နှုန်း ကောက်ခံပါတယ်။နိုင်ငံတော်နဲ့ လုပ်ကိုင်သူတို့က ထွက်ရှိလာမှုအပေါ် ခွဲဝေ ခံစားမှု အချိုးမှာ ၃၀ အချိုး ၇၀ ဟု ယေဘုယျ သတ်မှတ်ထားသော်လည်းဓာတ်သတ္တုအမျိုးအစား၊ သတ္တုသိုက်ပမာဏ၊ တည်နေရာ၊ ကာလပေါက်ဈေးတို့ အပေါ်မှီတည်၍ နှစ်ဦးနှစ်ဘ က် အချိုးညှိနှိုင်းပြီး နှစ်ဦး၏ သဘောတူစာချုပ် ချုပ်ဆိုပါကြောင်း။

ကော်မတီရဲ့သုံးသပ်ရရှိချက်- လက်လုပ်လက်စားအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ၊ ပုဒ်မ ၁၈ ပါအတိုင်း အခွန်ကောက်ခံမှုသည် သင့်လျော်ပါကြောင်းနှင့် အကျိုးတူ အပေါ် ခံစားခွင့် (၄၀ အချိုး ၆၀) မှ (၂၀ အချိုး ၈၀) သို့ လျှော့ပေါ့ပေးရေးသည်လည်း အချိုးပုံသေ သတ်မှတ်ထားမှုမရှိပဲ နှစ်ဦးနှစ်ဘက် အကျေ အလည်ညှိနှိုင်းပြီးမှ သဘောတူကြသည့်အချိုး အတိုင်း စာချုပ် ချုပ်ဆိုခြင်းဖြစ်၍ သင့်လျော်ပါကြောင်း သုံးသပ်ရရှိပါတယ်။

နံပါတ်(၅)ဖြစ်တဲ့ ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီတည်ထောင်ရန် လျှောက်ထားရာတွင် ကြန့်ကြာမှု မရှိစေရေး ။ ကြားနာရရှိမှု- ကုမ္ပဏီတည်ထောင်မှုကို မြန် မာနိုင်ငံ ရင်းနှီးမြှု ပ်နှံမှု ကော်မရှင်က ဆောင်ရွက်ပေးရကြောင်း၊ ယာယီမှတ်ပုံတင်အတွ က် ရက်သတ္တပတ် (၂)ပတ်သာ ကြာပြီး ၎င်းယာယီမှတ်ပုံတင်ဖြင့် လုပ်ငန်းလုပ်ကို င်ခွင့်ရပြီဖြစ်ကြောင်း၊ ပါမစ် နစ်မှတ်ပုံတင်

ရရန်မှာ Board of Director များရဲ့ ကိုယ်ရေးနောက်ကြောင်း ရှင်း/မရှင်း လိုက်လံစုံစမ်းမှုများ ပြုလုပ်ရသေးသဖြင့် (၆)လလောက်ကြာမြင့်ပါကြောင်း တင်ပြပါတယ်။

ကော်မတီ၏သုံးသပ်ရရှိမှု ယာယီမှတ်ပုံတင်ဖြင့်လုပ်ငန်းလုပ်ကိုင်ခွင့်ရသဖြင့် လုပ်ငန်းရှင်များအဖို့ အဆင်ပြေ၍လုပ်သာကိုင်သာရှိကြောင်း သုံးသပ်ရရှိပါတယ်။

အချက်(၆)ဖြစ်တဲ့ သတ္တုတွင်း ဝန်ကြီးဌာန၏ ဓာတ်သတ္တု ပြုတူးဖော်ခွင့်အမိန့် ရရှိရန် လျှောက်ထားရာတွင် ကြန့်ကြာမှုမရှိစေရေး။ ကြားနာရရှိမှု- လျှောက်ထားရာတွင် အောက်ဖော်ပြပါထောက်ခံစာများ ပါ ဝင်ရမည်ဖြစ်ကြောင်း၊ မြို့နယ် မြေစာရင်းဦးစီးဌာန၏ ၁ဝ၅/၁ဝ၆ မြေပုံ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထောက်ခံချက် သဘာထားမှတ်ချက်မှာ စိုက်ပျိုးမြေ၊ သာသနာ့မြေ၊ လူနေအိမ် ခြေ၊ သုသာန်မြေနဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် လွတ်ကင်းကြောင်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးရဲ့ထောက်ခံချက် သဘောထားမှတ်ချက်မှာ လုံခြုံရေး၊ စိုက်ပျိုးမြေနဲ့ အနာဂတ်စီမံကိန်းလုပ်ငန်းများနဲ့ လွတ်ကင်းကြောင်း ထောက်ခံချက်ပါရှိရမှာ ဖြစ်ပါတယ်။ အထက်ပါ အထောက်အထားများ အပြည့်အစုံနဲ့ သတ္တုတွင်းဦးစီးဌာနသို့ လာရောက် လျှောက်ထားပါက အောက်ပါအတိုင်း ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်ပေးပါကြောင်း၊ စမ်းသပ်တိုင်းတာခွင့် /လက်လုပ်လက်စားအတွက် ခန့်မှန်း ထုတ်ပေးခွင့် အမိန့် ရရှိရန် ကြန့်ကြာတဲ့ ရက်ဟာ (၁၄)ရက် ဖြစ်ပါတယ်။ ဓာတ်သတ္တု အသေးစားထုတ်လုပ်ခွင့် ခန့်မှန်းအတွက်ကြန့်ကြာတဲ့ ရက်ဟာ (၂၄)ရက်ဖြစ်ပါတယ်။ ဓာတ်သတ္တု အကြီးစားထုတ်လုပ်ခွင့် ကြန့်ကြာတဲ့ရက်ဟာ ခန့်မှန်း (၅၂)ရက်ဖြစ်ပါတယ်။ မှတ်ချက်အနေနဲ့ သစ်တောဧရိယာအတွင်း ကျရောက်နေပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာနသို့ ခွင့်ပြုချက် သီးသန့်ရယူလျှောက်ထား တင်ပြ ရမှာဖြစ်ပါတယ်။

ကော်မတီရဲ့ သုံးသပ်ရရှိချက် - မြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေပုံ ၁ဝ၅/၁ဝ၆နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဦးစီးဌာနများရဲ့ ထောက်ခံချက် လျှောက်ထားမှုများသည်ယခုလက်ရှိအခြေအနေတွင် သက်ဆိုင်ရာအထက်ဌာန(ရုံးချုပ်)များက မြို့နယ်အဆင့်တာဝန်ခံများသို့ လုပ်ပိုင်ခွင့်မပေးထားသဖြင့် မြို့နယ်ဦးစီးဌာနများက အထက်ဌာနသို့ ဆောင်ရွက်ပေးရန် ခွင့်ပြုမိန့်တောင်းခံနေရခြင်းမျိုးရှိနေခြင်းခွင့်ပြုမိန့်ရရှိပြီးသျှင်လည်း ဓာတ်သတ္တုထုတ်လုပ်မယ့်နေရာသို့ သွားလာရန်ခရီးကွာဝေး ခက်ခဲခြင်းတို့ကြောင့် မြို့နယ်အဆင့် ထောက်ခံချက်များ

ပြည့်စုံအောင်ရရှိရန် ရက်သတ္တပတ် (၆)ပတ် ခန့်ကြာမြင့်နိုင်ကြောင်း သုံးသပ် ရရှိပါတယ်။ သို့ဖြစ်၍ သတ္တုတွင်းမှ ထုတ်လုပ်ခွင့်ရရှိသည်အထိ စုစုပေါင်းကြာမြင့်ချိန်မှာ အောက်ပါအတိုင်း ကြာမြင့်နိုင်ကြောင်း သုံးသပ်ရရှိပါတယ်။ (ကက) စမ်းသပ်တိုင်းတာခြင်းနှင့် လက်လုပ်လက်စား အတွက် ကြန့်ကြာမယ့်ရက်ဟာ ရက်သတ္တပတ် (၈)ပတ် ဖြစ်ပါတယ်။ (ခခ) အသေးစားအတွက် ကြန့်ကြာမယ့်ရက်ဟာ ရက်သတ္တ ပတ်(၁၀)ပတ် ဖြစ်ပါတယ်။ (ဂဂ)အကြီးစားအတွက် ကြန့်ကြာ မယ့် ရက်ဟာ ရက်သတ္တပတ်(၁၄)ပတ်ကြာမြင့်ကြောင်း သုံးသပ်ရရှိပါတယ်။

အချက်(၇)ဖြစ်တဲ့ ဓာတ်သတ္တုကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်၍ ရောင်းချနိုင်ရေး ။ ကြားနာရရှိမှု- သတ္တုများကို အရိုင်းအတိုင်း တူးဖော်၍ ပြည်ပသို့ တင်ပို့ရော င်းချခြင်းကို နိုင်ငံတော်ကအားမပေးဘဲ ပြည်တွင်းတွင် အဆင့်ဆင့်ခေတ်မီသော နည်းစနစ်များနှင့် စက်ရုံများ တည်ဆောက်စေလျက် သတ္တုသန့်စင်များသာ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး တွန်းအား ပေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း FDI များ ဖိတ်ခေါ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြပါတယ်။

ကော်မတီရဲ့သုံးသပ်ရရှိမှု - နိုင်ငံအတွင်း နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေး ပေါ်လစီ၊ ငွေကြေးပေါ်လစီ အာမခံနိုင်မှုနည်းပါးခြင်းတို့ကြောင့် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ နည်းပါးကြောင်း၊ တ စ်ပိုင်းကလည်း စ က်ရုံကြီးကြီးမားမား တည်ထောင် ရလောက်အောင် သတ္တုသိုက်များ ရှားပါးကြောင်း သုံးသပ်ရရှိပါတယ်။

အချက်(၈)ဖြစ်တဲ့ လုပ်ငန်းခွင်အန္တ ရာယ်ကင်းရှင်းရေး။ ကြားနာရရှိမှု- လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်၍ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အခန်း(၁၉)၊ ပုဒ်မ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁ တို့မှာ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားရှိကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးရန်အတွက် စစ်ဆေးရေးဌာနခွဲထားရှိပြီး ဥပဒေ၊ နည်းဥပဒေနဲ့အညီ လိုက်နာခြင်း ရှိ /မရှိ စစ်ဆေးခြင်း၊ ပြုပြင်လိုက်နာစေခြင်း၊ ဆွေးနွေးပညာပေးရှင်းလင်းခြင်း များကို ကွင်းဆင်း ကြပ်မတ်လျက်ရှိကြောင်းနဲ့ လုပ်ကွက်များတွင်လည်း ဌာနကြီးကြပ်ကိုယ်စားလှယ်များ ထားရှိပြီး အနီးကပ်ကြပ်မတ်နေလျက်ရှိကြောင်း တင်ပြပါတယ်။

ကော်မတီ၏သုံးသပ်ရရှိမှု - နည်းပညာနဲ့ဗဟုသုတ နည်းပါးမှုကြောင့် လုပ်ငန်းခွင် ထိခိုက်မှု၊ မြေပြိုမှု၊ ဓာတ်သတ္တု က အဆိပ်အတောက်များကြောင့် အလုပ်သမားများ၏

ကျန်းမာရေးချို့တဲ့မှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလည်း အထို    က်အလျောက်ရှိနေပြီ ဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

အချက်(၉)ဖြစ်တဲ့ ဓာတ်သတ္တုတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး။ ကြားနာရရှိမှု- ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် မြန်မာ့သတ္တုတွင်းဥပဒေ အခန်း(၂၁)၊ ပုဒ်မ ၁၀၅၊ ၁၀၆ တို့ဖြင့် ပြဋ္ဌာန်းထားပါသည်။ တူးဖော်ခဲ့သည့် မြေတွင်းများကို မူလနဂိုအတိုင်း ဖြစ်အောင် ပြန်ဖို့စေခြင်း၊ သစ်တောနယ်မြေဖြစ်ပါက သစ် တောစိုက်ခင်းများ ပြန်လည်ထူထောင် စေခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းများ ဆောင်ရွက်စေပါကြောင်း၊ ယခုအချိန်တွင် သစ်တောမြေ ဧရိယာဖြစ်ပါက ၎င်းသစ်တောကို ပြန်လည်၍မူလအတိုင်း စိုက်ပျိုးနိုင်ခြင်းမရှိလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစီအမံဖြင့် ပြန်လည်စိုက်ပျိုးရန် Deposit တစ်ဧကကျပ်(၂)သိန်း လုပ်ကိုင်သူထံမှ ကောက်ခံထားကြောင်းနဲ့ လုပ်ကိုင်သူက သစ်တောစိုက်ခင်း ပြန်လည်တည်ဆောက်ပေးခဲ့လျှင် ၎င်းငွေကျပ်(၂)သိန်းကို ပြန်လည်ထုတ်ပေး ကြောင်းတင်ပြပါတယ်။

ကော်မတီရဲ့ သုံးသပ်ရရှိချက်- လုပ်ငန်းတည်ရှိရာနေရာသည် တောတောင်ထူထပ်သော နေရာဖြစ်ခြင်း၊ သွားလာရန်မလွယ်ကူခြင်း၊ လုပ်ငန်းသေးလျှင်လည်း စစ်ဆေးရေးအဖွဲ့များ အခါမလပ်စစ်ဆေးရန် အခက်အခဲရှိခြင်း၊ ထိန်းသိ မ်းမှုရှိလျှင်လည်း ပြန်လည်သေကျေ ပျက်စီးသွားနိုင်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အတိုင်းအတာတစ်ခုအထိ ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါတယ်။

ကြားနာရရှိမှုအပေါ် မှာ ကော် မတီရဲ့အကြံပြုတင်ပြချက် - (က) နိုင်ငံတော်အတွင်းရှိ ဓာတ်သတ္တုများကို စီမံကိန်းချမှတ်၍ စနစ်တကျတူးဖော် ထုတ်လုပ်ရန်နှင့် ထုတ်လုပ်ခွင့် အမိန့်များကို ခွင့်ပြုချက်ပေး ရာတွင် ရှုပ်ထွေးကြန့်ကြာမှုများ မရှိစေရန်အတွက် ဓာတ် သတ္တု အမျိုးအစားအလိုက် သတ္တုသိုက်ဖြစ်တည်နေမှုတည်နေရာ အသေးစိတ်ကို မှတ်တမ်းထားရှိရ န် လိုအပ်မည်ဖြစ်ပါသည်။ ဖော်ပြပါသတ္တုဧရိယာသည် သတ္တုတွင်းဝန်ကြီးဌာနမှ သတ္တုထုတ်လုပ်ခွင့် ခွင့်ပြုပေးနိုင်ရန် ကျန်ဝန်ကြီးဌာနများနှင့် နယ် မြေပိုင်ဆိုင်မှုများ ကင်းရှင်းစေရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ဖော်ပြပါလုပ်ကွက်ဧရိယာများကို အကြီးစား၊ အသေးစားနှင့် လက်လုပ်လက်စားများ ပြုလုပ်ရန် ဧရိယာဟု ကြိုတင်သတ်မှတ်ထားရန် လိုအပ်ကြောင်းနှင့်

ထိုသို့ပြုလုပ်ထားရှိပါက သတ္တု ထုတ်လုပ်ခွင့် လျှောက်ထားရာတွင် အုပ်ချုပ်မှုရုံးများနှ င့် အခြား ဝန်ကြီးဌာနများ၏သဘောထားကို မေးမြန်းရန်မလိုတော့သဖြင့် သတ္တုထုတ်လုပ်ခွင့်လျှောက်ထားမှု လွယ်ကူမြန်ဆန်သွားမည်ဖြစ်ကြောင်း အကြံပြုပါတယ်။

(ခ) ခဲတ်သတ္တုထုတ်လုပ်ခွင့် လျှောက်ထားခြင်းကို အထက်အပိုဒ် (က)ပါအတိုင်း မဆောင်ရွက်နိုင်သေးမီ အောက်ပါနည်းလမ်းနှစ်ခုမှာစ်ခုခုကိုအသုံးပြုသင့်ပါသည်။(၁) ခဲတ်သတ္တု ထုတ်လုပ်ခွင့် လျှောက်ထားရာတွင် မြို့နယ်အဆင့် သဘောထားများတောင်းခံရာ၌ သက်ဆိုင်ရာ ဦးစီးဌာနများက ၎င်းတို့၏(ရုံးချုပ်)နေပြည်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်ခွင့် တောင်းခံနေ ရပါသဖြင့် မလိုအပ်ဘဲ ရှုပ်ထွေးကြန့်ကြာမှုများ ဖြစ်ပေါ်သဖြင့် ခဲတ်သတ္တုတူးဖော်ခွင့် လုပ်ငန်းလျှောက်ထားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် မြို့နယ်အဆင့်အရာထ မ်း များကို လုပ်ပိုင်ခွင့်ပေးထားပြီး လျှောက်ထားမှုအပေါ် ဆောင်ရွက်ပြီးမှသာ အချိ န်နှင့်တစ်ပြေးညီ (ရုံးချုပ် )သို့ တင်ပြစေသင့်ပါ တယ်။ (၂)သတ္တုတွင်းဝန်ကြီးဌာနမှ အကြီးတန်း အရာထမ်း တစ်ဦးက သတ္တုထွက်ရှိရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရရုံးတွင် ကာလတစ်ခု သတ်မှတ်၍ ရုံးခွဲသဘော ကွင်း ဆင်းရုံးထိုင်ကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ လျှောက်ထား သည့်အမှုတွဲများကို တစ်နေရာထဲ၌ပေါင်းစုညှိနှိုင်း one stop service ဆောင်ရွက်ပေးသင့် ပါသည်။ ပြီးပြည့်စုံတဲ့အမှုတွဲများကို ၎င်းအရာထမ်းကပင် တ စ်ပါတည်းယူဆောင်သွားပြီး ဝန်ကြီး ဌာနသို့ တင်ပေးခြင်းဖြင့် လွယ်ကူလျ င်မြန်ချောမောစွာ ထုတ်လုပ်ခွင့် များ ထု တ်ပေးနိုင်မည်ဖြစ် ပါသည်။ ဥပမာ-ရှမ်း(တောင်)နှင့် ကယား၊ ရှမ်း (မြောက်)နှင့် ကချင်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး စသည်ဖြင့် ဇုန်ဖွဲ့ပြီး ကွင်းဆင်းဆောင်ရွက်နိုင်ပါသည်။အရာထမ်းကြီး(၁)ဦး၊ ဒုတိယဦးစီးမှူး(၁)ဦး၊ ကွန်ပျူတာ(၁)ဦး ပါဝင်ဖွဲ့စည်းသင့်ပါသည်။ ကာလအားဖြင့် နှစ်စဉ် ဧပြီလ(၁)ရက်မှ ဇွန်လ (၃၀)ရက်အတွင်း (၃)လကာလသာ ကွင်းဆင်းရုံးထိုင်ရန် ဖြစ်ပါသည်။

(ဂ) အချို့သော ခဲတ်သတ္တုတည်ရှိမှုသည် သစ်တောကြိုးဝိုင်းအတွင်း ပါဝင်လျက် ရှိရာ ခဲတ် သတ္တုတူးဖော်ပြီးပါက မူလအတိုင်းပြန်ဖြစ်နို င်ရန် ပြန်လည်စိုက်ပျိုးပေးရမည်ဟု သတ္တုတွင်းဥပဒေ နည်းဥပဒေများတွင် ပြဌာန်းထားသော်လည်း တောတောင်ထူထပ်ပြီး လုံခြုံရေး

အာမခံချက် မရှိသည့်အပြင် သွားရေးလာရေးခက်ခဲသည့် နေရာများတွင် ပြန်လည်စိုက်ပျိုးရန် ဆိုသည်မှာ လက်တွေ့တွင် အပြည့်အဝ မဖြစ်နိုင်သည့်ကိစ္စဟု ယူဆပါသည်။ သို့ဖြစ်၍ သဘာဝ သစ်တော အတိုင်းထားရှိမှုနှင့် ဓာတ်သတ္တုတူးဖော်မှု မည်သည်က နိုင်ငံတော်နှင့် ပြည်သူများ အတွက် အကျိုးရှိမည်ဖြစ်ကြောင်း ဘက်စုံ ထောင့်စုံမှ အလေးအနက်ထား စဉ်းစားဆင်ခြင်၍ ဆုံးဖြတ်ဆောင်ရွက်သင့်ပါသည်။

(ဃ) ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်ရေးကို လည်း နိုင်ငံတော်အစိုးရ အနေဖြင့် တ စ်ဖက်တစ်လမ်းက အခွ င့်အလမ်းများ မလွဲမသွေ ဖန်တီးပေး နေရမည်ဖြစ်ရာ လုံလောက်သည့် အလုပ်အကိုင် အခွင့်အလမ်းများ မဖန်တီးပေးနိုင်လျှင်လည်း ငွေရလွယ်သည့် ဘိန်းစိုက်ပျိုးမှုများ၊ နယ်မြေဒေသရှိ ဓာ တ်သတ္တုများကို တရားမဝင်တူးဖော် လုပ်ကိုင်မှုများ၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေမှုများ လုပ်ကိုင်လာကြပြီဖြစ်ရာ ထိုလုပ်ဆောင်မှုကို ပိတ်ဆို့တားဆီးထိန်းသိမ်းရန် ဆိုသည်မှာလည်း လူသူမရောက် လုံခြုံရေးအာမခံချက် မရှိသည့် နေရာဒေသများဖြစ်၍ လွ ယ်ကူမည်မဟုတ်ပါ။ စီးပွားဖြစ်ထုတ်လုပ်ရန် မဖြစ်နိုင်သည့် လုပ်ကွက် များတွင် လက်လုပ်လက်စားများအား အလွယ်တကူ စန စ်တကျလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက် ပေးခြင်းဖြင့် နိုင်ငံတော်ရော ပြည်သူပါ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည် ။ နိုင်ငံတော်က ဆောင်ရွက်နေသည့် အခြေခံလူတန်းစားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ဘိန်းစိုက်ပျိုး ခြင်းကိုလည်း လျှော့ နည်း ပပျောက်စေမည်ဖြစ်ပါသည်။

(င) ဓာတ်သတ္တုရဲ့ ထူးခြားသည့်ဝိသေသမှာ ဓာတ်သတ္တုအမျိုးအစားနဲ့ မည်ရွေ့ မည်မျှတန်ဘိုးရှိမှုကို လူတိုင်းသိရှိရန် ခက်ခဲခြင်း၊ သေးငယ်သော်လည်း တန်ဘိုးကြီးမားခြင်း၊ လူသူမနီးသည့် တောတောင်များတွင် လုပ်ငန်းဆောင်ရွက်ရ၍ အုပ်ချုပ်မှုမှ လွတ်ကင်းသည့် နေရာဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့် လုပ် ငန်းရှင်တို့ စာချုပ်ချုပ်ဆိုရန်၊ တစ်ဖက်နိုင်ငံသို့ တင်ပို့ ရောင်းချရန်တို့ ဆောင်ရွက်ကြရာတွင် သတ္တုအမျိုးအစားပါဝင်မှုရာခိုင်နှုန်း၊ ထုတ်ယူရရှိသည့် ပမာဏစသည့်အချက်များ မှန်မှန်ကန်ကန်ဖြစ်မှသာလျှင် နိုင်ငံတော်နှင့် ပြည်သူတို့ အပြည့်အဝ အကျိုးရှိနိုင်မည်ဖြစ်ရာ ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ၊ အလုပ်သမား၊ နယ်မြေခံပြည်သူများသည်

မှန်မှန်ကန်ကန်ဆောင်ရွက်မှုနှင့်ကိုယ်ကျင့်တရားကို မြတ်နိုးတန်ဖိုးထားတတ်ရန်လည်း တာဝန်ရှိသူ အဆင့်ဆင့်က စည်းရုံးဖန်တီးပေးသင့်ပါတယ်။

(စ) နိုင်ငံတော်၊ လုပ်ငန်းရှင်တို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆို အချိုး ခွဲဝေသည်ဟုဆိုရာတွင်လည်း လုပ်ငန်းရှင်သည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းဖြင့် ထိုက်သင့်သည့် အကျိုး အမြတ်ကို ရရှိစေရမည် ဖြစ်ပါသည်။ သို့မဟုတ်ပါက ထုတ်လုပ်ရရှိ သည့်ဓာတ်သတ္တု တချို့ တစ်ဝက်သာ အရပြပြီး၊ တချို့တစ်ဝက်ကို မှောင်ခိုနည်းဖြင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချခြင်း၊ အခြားမသမာသော နည်းလမ်းများဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခြင်းများ မလွဲမသွေ ရှိနေနိုင်ကြောင်း၊ တ စ်နည်းအားဖြင့် နိုင် ငံတော်နှင့် လုပ်ကိုင်သူများတို့ Win Win Situation ဖြစ်စေရန် အလေးအနက်ထား စဉ်းစားဆောင်ရွက်သင့်ပါသည်။

(ဆ) သတ္တုလုပ်ငန်းလုပ်ကိုင်သူများ သတ္တုလုပ်ငန်းလုပ်ထုံးလုပ်နည်းများကို သိရှိ နိုင်စေရန်အတွက် နေပြည်တော်ရှိ ရုံးချုပ်တွင်သာမက ဘဲ ပြည်နယ်၊ မြို့နယ်များရှိ ရုံးများတွင် Bill Board များထောင်၍လည်းကောင်း၊ လက်ကမ်းစာများ ဖြန့်ဝေ ၍လည်းကောင်း အနှစ်ချုပ် ထုတ်နုတ်ဖြန့်ဝေ အသိပညာပေးသင့်ပါတယ်။

(ဇ) ဥပဒေလက်လှမ်းမမှီသည့် ဝေးလံဒေသများ၌ တရားမဝင်တူးဖော်ထုတ်လုပ် ခြင်း၊ တရားမဝင်လမ်းကြောင်းမှ ခိုးထုတ်ခြင်းများကို Google ကဲ့သို့သော အစီအစဉ်များနှင့် ဆက်စပ်၍ အဝေးမှ ထောက်လှမ်းခြင်းများကို နယ်စပ်များ ထိန်းချုပ်ရေးနှင့် ပူးတွဲလုပ်ဆောင် သင့်ပါတယ်။

(ဈ) ဓာတ်သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် သစ်တောဧရိယာအတွင်းကျရောက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီး ဌာနက deposit တစ်ဧက(၂)သိန်းကျပ် ကောက်ခံထားသကဲ့သို့ ကျန်မြေလွတ်မြေရိုင်း များ အတွင်း ဓာတ်သတ္တုတူးဖော်မှု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ထားသင့်ပြီး Third ပါတီကို တာဝန်ပေးသင့်ပါသည်။ ရန်ပုံငွေထည့်ဝင်ရမည့်အချိုးမှာ ထုတ်လုပ်ခွင့်ရရှိသည့်ကုမ္ပဏီက သုံးပုံနှစ်ပုံနဲ့ နိုင်ငံတော်မှ သုံးပုံတစ်ပုံ ထည့်ဝင်စေသင့်ပါသည်။

(ည) တူးဖော်မည့် လုပ်ကွက်မြေဧရိယာများနှင့် တူးဖော်ဆဲ လုပ်ငန်းမြေဧရိယာများကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နိုင်ရန် စစ်ဆေးရေးအဖွဲ့ဖွဲ့စ ည်း၍ စစ်ဆေးဆောင်ရွက်စေသင့်ပါသည်။

(ဋ) ဓာတ်သတ္တုများကို ကု န်ကြမ်းတင်ပို့ခြင်းမပြုလုပ်ဘဲ ပြည်တွင်းတွင် ကုန်ချောပြုလုပ်၍ တင်ပို့ရောင်းချမည်ဆိုပါက နိုင်ငံတော်အနေဖြင့် နည်းပညာလည်းရ၊ နိုင်ငံခြားဝင်ငွေလည်း ပိုမိုရရှိမည့်အပြင် ဒေသခံပြ ည်သူများကလည်း အလုပ်အကိုင်အခွင့် အလမ်းများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကိုလည်းဖိတ်ခေါ်အားပေးအားမြှောက်ပြုမှုများကို ပြုလုပ်သင့်ပါသည်။

(ဌ) ဓာတ်သတ္တုများတူးဖော်ခြင်းဖြင့် မြေထုပျက်စီးခြင်း၊ သ ဘာဝသစ်တောများပြုန်းတီးခြင်းနှင့် ထွက်ရှိလာသော မြေစာများလည်း ပတ်ဝန်းကျင်စိုက်ပျိုးမြေများနဲ့ မြစ်ချောင်းများကို တိမ်ကောစေ ခြင်း၊ ရေကောင်းရေသန့်များကို ပျ က်စီးစေခြင်း၊ သတ္တုများမှ ထွက်ရှိသောအဆိပ်အတောက်များကြောင့် လူနဲ့ဇီဝမျိုးနွယ်စုများကို ဒုက္ခပေးနိုင်ခြင်းနဲ့ သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသဖြင့် အထိန်းအသိမ်းမဲ့၊ တာဝန်မဲ့ သတိလက်လွတ်နေရာအနှံ့သတ္တုများကိုတူးဖော်မှုများ မဖြစ်ပွားစေ ရန် သတ္တုတွင်းဝန်ကြီးဌာနတစ်ခုတည်း သာ မ ဟုတ်ဘဲ ကျန်ရှိတဲ့ဝန်ကြီးဌာနများနှင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် အထူးအရေးတကြီး လိုအပ်လျက်ရှိပါကြောင်း အစီရင်ခံအကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီရင်ခံစာရဲ့နောက်မှာ ပူးတွဲထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် အဆိုနဲ့ပတ်သက်၍ကြားနာရန် အစည်းအဝေးတက်ရောက်သူများစာရင်းမှာ အမည်တင်မကဘဲနဲ့ အဆင့်အတန်း၊ ဌာနပါ ဖြည့်စွက်ဖို့ တိုက်တွန်းပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌက တင်သွင်းတဲ့

ကော်မတီရဲ့ ကြားနာသုံးသပ်မှု အစီရင်ခံစာကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

အစီရင်ခံစာကို အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် မူလအဆိုကို အမျိုးသား စီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက တင်သွင်းတဲ့ ကော်မတီ၏ ကြားနာသုံးသပ်မှု အစီရင်ခံစာပါအတိုင်း ပြင်ဆင်အတည်ပြုကြောင်းနှင့် ကော်မတီရဲ့ အစီရင်ခံစာပါ ဆောင်ရွက်ရန်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်ပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်၃၂ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၃၃ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်**။ ၁၁း၃၀။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ရပ်နားပါ မယ်။ ပထမအ ကြိမ် ဒုတိယပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက် တိုဘာလ ၇ ရက် (သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ အစည်းအဝေးကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]